# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၈၄)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂျပန်ဘုရင်မင်းမြတ်မွေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၂၃

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂျပန်ဘုရင်မင်းမြတ် အကီဟီတိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နန်းမြင့်မျှော်စင် ၁၁ ထပ်ပေါ်မှ ပုဂံမြို့ရှုခင်းကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

# ပြည်သူများ၊ နောင်လာနောက်သားများ သမိုင်းအထောက်အထားခိုင်ခိုင်လုံလုံ လေ့လာသိရှိနိုင်ရေး ပုဂံရွှေနန်းတော်တည်ဆောက်ရေး မှတ်တမ်းမှတ်ရာများ စနစ်တကျပြည့်စုံအောင်ပြုစု၊ စာအုပ်အဖြစ်ထုတ်ဝေ ရေရှည်တည်တံ့ခိုင်မြဲရေး သုတေသနမှတ်တမ်းမှတ်ရာများနှင့်အညီ ပီပီပြင်ပြင်ခိုင်ခိုင်မာမာတည်ဆောက်

ရန်ကုန် ဒီဇင်ဘာ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်း ညောင်ဦးမြို့၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်တည်ဆောက်ရေးစီမံကိန်း ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ နန်းမြင့်မျှော်စင်နှင့် နန်းမြင့်မျှော်စင်ဟိုတယ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

## မှတ်တမ်းမှတ်ရာများ စနစ်တကျပြည့်စုံအောင်ပြုစု

**ပုဂံရွှေနန်းတော် တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ ရှာဖွေဖော်ထုတ် သုတေသနပြုခဲ့ပြီး သုတေသနပြုရရှိသည့် အချက်များအပေါ် မည်ကဲ့သို့ ညှိနှိုင်းတည်ဆောက်ခဲ့သည်ဆိုသည့် စတင်တည်ဆောက်သည်မှ ပြီးစီးသည်အထိ တည်ဆောက်မှု မှတ်တမ်းညှိနှိုင်းတွေ့ရှိမှု မှတ်တမ်းမှတ်ရာများကို စနစ်တကျပြည့်စုံအောင်ပြုစုပြီး နောင်တစ်ချိန်တွင် စာအုပ်အဖြစ် ထုတ်ဝေသွားရန်လိုကြောင်း၊ သို့မှသာ ပုဂံရွှေနန်းတော်ကြီး ပြန်လည်တည်ဆောက်ခဲ့ရသည့် သမိုင်းအထောက်အထား၊ အတွေ့အကြုံအထောက်အထားများကို ပြည်သူများ နောင်လာနောက်သားများအနေဖြင့် ခိုင်ခိုင်လုံလုံ လေ့လာသိရှိနိုင်မှာဖြစ်။**

**နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**



**နန်းမြင့်မျှော်စင်**

မန္တလေးတိုင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ အထပ် ၁၃ ထပ် ပါရှိသောနန်းမြင့်မျှော်စင်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကိုတွေ့ရစဉ်။ (သတင်းစဉ်)

**နိုင်ငံတော် ဖွံ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

# တိုင်းရင်းသားပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ရေလှောင်တမံ ဘက်စုံစီမံကိန်းများအကောင်အထည်ဖော်လျက်ရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများကို ပြည်နယ်နှင့်တိုင်းများတွင် အကြားအလပ်မရှိ ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ဝေးလံသည့်ဒေသများ၊ သွားလာမှုခက်ခဲ့သည့် ဒေသများပါမကျန် ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်ဖလမ်းမြို့နယ်တွင် မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းကို တည်ဆောက်လျက်ရှိပြီး ကလေး၊ ကလေးဝနှင့် ဂန့်ဂေါဒေသများ ဘက်စုံအကျိုးပြုစေရန် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဒီဇင်ဘာလ ၁၉ရက်နေ့က မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီးတွင် တည်ဆောက်မည့် မြစ်သာရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားရာ၌–

**"မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် မြစ်သာရေလှောင်တမံစီမံကိန်းတို့မှာ စီမံကိန်းလုပ်ငန်းကြီးများဖြစ်၍ စက်သုံးဆီအပါအဝင် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီရရှိအောင် သက်ဆိုင်ရာဌာနများက ညှိနှိုင်းဖြည့်ဆည်းပေးရန်နှင့် ဆည်မြောင်းဦးစီးဌာနကလည်း ယင်းစီမံကိန်းများကို ပီပီပြင်ပြင်ဖြင့် အမြန်ဆုံးပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်"**

မှာကြားသွားသည်။

ချင်းပြည်နယ်သည် တောင်ကုန်းတောင်တန်းများ ထူထပ်ပေါများပြီး မြေပြန့်ဒေသနည်းပါးသည်။ မဏိပူရကုန်းမြင့်မှ ဖြတ်သန်းစီးဆင်းသော မဏိပူရမြစ်၏ နှစ်စဉ်ပျမ်းမျှစီးဝင်ရေမှာ ဧကပေသန်းပေါင်း ခုနစ်သန်းရှိပြီး ရေစီးအလွန်သန်သည်။ ယင်းမဏိပူရမြစ်ပေါ်တွင် အခြေခံ၍ တမံအလျားပေ ၃၃၀၀၊ တမံအမြင့် ၅၂၅ ပေခန့်ရှိမည့် ရေလှောင်တမံတည်ဆောက်နိုင်ရန် စူးစမ်းလေ့လာတိုင်းတာမှုများ စီစဉ်လုပ်ဆောင်လျက် ရှိသည်။

မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လယ်မြေ ဧက တစ်သိန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ ထို့အပြင် ကလေးမြို့အောက်ဘက်၌ နှစ်စဉ် ရေလွှမ်းမိုးမှုကိုလည်း ကာကွယ်သွားနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၅၄၀ခန့် ထုတ်ယူ ရရှိနိုင်မည် ဖြစ်သည်။

ချင်းတွင်းမြစ်၏ အောက်ပိုင်းမြစ်လက်တက်ဖြစ်သည့် မြစ်သာမြစ်သည် ရေစီးအားကောင်းမွန်ပြီး ကလေး၊ ကလေးဝနှင့် ဂန့်ဂေါဒေသများကို အကျိုးပြုလျက်ရှိသည့် မြစ်ဖြစ်သည်။

ယခုအခါ ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီးရှိ မြစ်သာမြစ်ကို အခြေခံပြီး မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းကို တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြစ်သာရေလှောင်တမံ စီမံကိန်းသည် ပင်မတမံအလျား ပေ၂၃၀၀၊ ကုန်းချောတမံ အလျားပေ ၂၇၄၅၀ရှိသည့် ရေလှောင်တမံဖြစ်သည်။ မြစ်သာရေလှောင်တမံ စီမံကိန်းကို တည်ဆောက် အကောင်အထည်ဖော်ခြင်းဖြင့် လယ်မြေဧက၁၂၀၀၀ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်ယူရရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ရေလှောင်တမံ ဘက်စုံစီမံကိန်းများ သတ်မှတ်ချိန်အတွင်း ပီပီပြင်ပြင် ပြီးစီးစေရန်အတွက် တာဝန်ရှိသူများက အားကြိုးမာန်တက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) သံဃာတော်များပူဇော်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

**နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) (၁၅)ကြိမ်မြောက်နတ်မောက်နွယ်ဖွား သံဃာတော်များပူဇော်ပွဲ၊သက်ကြီးနာယကများကန်တော့ပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်သားသမီးများ ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ၁၉ရက် နံနက် ၉နာရီက ကြည့်မြင်တိုင်မြို့နယ် သာဓုပရိယတ္တိစာသင်တိုက်တွင် ကျင်းပသည်။**

### ကန်တော့

ရှေးဦးစွာ နတ်မောက်မြို့နယ် အသင်း သက်ကြီးနာယက ၁၈ဦးအား အသင်းသူအသင်းသားများက ကန်တော့ကြပြီး ကန်တော့လက်ဆောင်များ ပေးအပ်ကာ အသင်းဥက္ကဋ္ဌ ဦးဝေလင်းနှင့်အလုပ်အမှုဆောင်များကတက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် တစ်ဦးအပါအဝင် ကျောင်းသားကျောင်းသူ ၂၀အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

### နေ့ဆွမ်းဆက်ကပ်

ထို့နောက် နတ်မောက်နွယ်ဖွား သံဃာတော်များ ပူဇော်ပွဲကျင်းပရာ ခြောက်ထပ်ကြီးတိုက် သီဟိုဠ်ကျောင်း ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသ အမှူးပြုသော စာအောင်သံဃာတော်များ အပါအဝင် သံဃာအပါး ၃၀၀တို့အား နေ့ဆွမ်းဆက်ကပ်ပြီး(အပေါ်ပုံ)သံဃာတော် ပူဇော်ပွဲကျင်းပကြောင်း သိရသည်။ (က–ပ)



## ဖဲကြိုးဖြတ်ဖွင့်လှစ်

**ဒီဇင်ဘာ ၁၈ရက်က သာကေတမြို့နယ် ၁၀/မြောက်ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ရတနာပုံကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဟောပြောပွဲကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌဦးရီဝင်းနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (က–ပ)

## ပြည့်စုံအေး သာသနာ့ရိပ်သာတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်းနှင့် ခေမာသီလမ်းထောင့်ရှိ (ည)ရပ်ကွက် ငမိုးရိပ်ချောင်းဘေး ဂိတ်ဟောင်းမှတ်တိုင်ရှိ ရန်ကုန်ပြည့်စုံအေး သာသနာ့ရိပ်သာတွင် ရိပ်သာပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဇာတ ကြီးမှူး၍ ဒီဇင်ဘာ၂၆ရက်မှ ဇန်နဝါရီ ၂ ရက်အထိ တရားစခန်းပွဲကျင်းပမည်ဖြစ်သည်။ သံဃာတော်များ အပါအဝင် ယောဂီ ၅၀ သာလက်ခံမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဒီဇင်ဘာ၂၆ရက် ညနေ၄နာရီထက် နောက်မကျစေဘဲ ကြွရောက်ကြရန်နှင့် အရုဏ်ဆွမ်းတစ်နပ် ကျပ်နှစ်သောင်း၊ နေ့ဆွမ်း ကျပ်သုံးသောင်း၊ တရားပွဲ ကျပ်တစ်သောင်းဖြင့် လှူဒါန်းလိုသူများသည် ပဓာနနာယကဆရာတော် ဖုန်း– ၀၁–၆၉၀၀၃၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## မြဝတီရုပ်မြင်သံကြား

၂၃–၁၂–၂၀၀၄ (ကြာသပတေးနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၅ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၂၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၄း၄၅ | ၇။ | ရွှင်ကြည်ပြုံးစရာတေးကဗျာ |
| ၄း၅၅ | ၈။ | မျိုးချစ်တပ်မတော် |
| ၅း၀၅ | ၉။ | အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Country Profile of Myanmar Naing Ngan (ပထမနှစ်) ဥပဒေပညာအထူးပြု |
| ၅း၃၅ | ၁၀။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၄၅ | ၁၁။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၃။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၄။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၀ | ၁၆။ | **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း |
| ၆း၅၀ | ၁၇။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၈။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကြယ်တစ်ပွင့်ရဲ့ ဒိုင်ယာရီ"** (အပိုင်း–၉) |
| ၈း၀၀ | ၁၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၂၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၁။ | မြန်မာ့ရှုခင်း |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နဲ့ ရန်နိုင်ဓား"** (အပိုင်း–၃၁) |

# ပန်းပဲပိုအဆင့်မှ ခေတ်မီစက်ကိရိယာများသုံးစွဲပြီး အရည်အသွေးကောင်းပစ္စည်းများထုတ်လုပ် ပြည်တွင်းဖြစ်ထုတ်ကုန်ပစ္စည်းများ လွယ်လွယ်ကူကူ ပေါပေါများများ အသုံးပြုနိုင်ရမည်





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရေနံချောင်းစက်မှုဇုန်ရှိ ပင်းနံ့သာအထွေထွေစက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက်ခန်းမ၌ မကွေးတိုင်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရေနံချောင်းစက်မှုဇုန် ကြီးကြပ်မှု ကော်မတီဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

*✳ ကျောဖုံးမှ*

## လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရေနံချောင်းစက်မှုဇုန်သို့ သွားရောက်ကြပြီး ပင်းနံ့သာ အထွေထွေစက်မှုကုန်ထုတ် သမဝါယမအသင်း လီမိတက်ခန်းမ၌ မကွေးတိုင်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရေနံချောင်း စက်မှုဇုန်ကြီးကြပ်မှု ကော်မတီဝင်များ၊ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင်မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ရေနံချောင်း စက်မှုဇုန်ကို ၁၉၉၈ခုနှစ် ဧပြီ ၉ ရက်တွင် စတင်တည်ထောင်ခဲ့ပါကြောင်း၊ စက်မှုဇုန်၌ လုပ်ငန်းရှင်များအတွက် မြေကွက်ပေါင်း ၂၆၁ ကွက်ချထားပေးပြီး ဖြစ်ပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြပြီး လျှပ်စစ်မီးနှင့် ရေရရှိရေး ဆောင်ရွက်ထားမှု၊ ရေနံချောင်းစက်မှုဇုန်ရှိ စက်မှုလက်မှုလုပ်ငန်းများ ထုတ်လုပ်သည့် ပစ္စည်းများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ရေနံချောင်းစက်မှုဇုန် တာဝန်ခံ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရေနံချောင်းစက်မှုဇုန်ကို ဆိုင်ကယ်အဓိကထုတ်လုပ်သည့် စက်မှုဇုန်အဖြစ် မြှင့်တင်ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ၊ဆိုင်ကယ်များကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ပါ ရရှိရေး စီစဉ်ဆောင်ရွက်နေမှုများ၊ ရေစုပ်စက်၊မီးစက်များ ကျယ်ကျယ်ပြန့်ပြန့်ဆက်လက်ထုတ်လုပ်နိုင်ရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေနံချောင်းစက်မှုဇုန်မှ လုပ်ငန်းရှင်များက စက်မှုဇုန်တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

**ရေနံချောင်း စက်မှုဇုန်က ထုတ်လုပ်သည့် နှစ်ဘီးမော်တော်ဆိုင်ကယ်နှင့် သုံးဘီးမော်တော်ဆိုင်ကယ်များကို တွေ့ရစဉ်။** (သတင်းစဉ်)





## ဖွံ့စည်းတည်ထောင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ပြည်တွင်း၌ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ပန်းပဲဖို အဆင့်မျိုးမှ ခေတ်မီစက်ကိရိယာများသုံးစွဲပြီး အရည်အသွေးရှိသည့် ပစ္စည်းကောင်းများထုတ်လုပ်လာစေရန်၊အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရရှိစေရန်၊ ပြည် တွင်းဖြစ်ထုတ်ကုန်ပစ္စည်းများကို လွယ်လွယ်ကူကူ ပေါပေါများများ အသုံးပြုနိုင်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် စက်မှုဇုန်များကို ဖွံ့စည်းတည်ထောင်အားပေးခဲ့ခြင်းဖြစ်ကြောင်း။

စတင်အကောင်အထည်ဖော်စဉ်က စက်မှုဇုန်များသည် ပန်းပဲဖိုသာသာ အဆင့်သာရှိခဲ့ရာမှ မိမိတို့၏ အားပေးဖြည့်ဆည်းပေးမှုများကြောင့် လည်းကောင်း၊ လုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်မှုများကြောင့်လည်းကောင်း ထူးထူးခြားခြား တိုးတက်အောင်မြင်လာသည့် စက်မှုဇုန်များလည်း ဖြစ်ပေါ်လာခဲ့ကြောင်း၊ ရေနံချောင်း စက်မှုဇုန်သည်လည်း အထိုက်အလျောက် တိုးတက်အောင်မြင်မှု ရရှိနေသည့် စက်မှုဇုန်ဖြစ်ကြောင်း။

## သတိပြုလုပ်ကိုင်

နိုင်ငံတော်အနေဖြင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲအားပေးပံ့ပိုးသွားမှာ ဖြစ်ကြောင်း၊ ဤနေရာတွင် သက်ဆိုင်ရာ လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရန် အားပေးသွားရမှာ ဖြစ်သကဲ့သို့ နိုင်ငံတော်၏ အကျိုး၊ အများပြည်သူ၏ အကျိုးကိုလည်း ထိခိုက်နစ်နာမှု မရှိအောင် သတိပြုလုပ်ကိုင်ဆောင်ရွက်သွားရန် လိုမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ ကော်လံ ၁ သို့*

23-12 (03).p65 1 3/26/05, 8:25 PM

# ဟိုက်ဒရာဘတ်အနီး လေဆိပ်တည်ဆောက်ရေး အိန္ဒိယ–မလေးရှား အပြီးသတ်စာချုပ်ချုပ်ဆို

နယူးဒေလီ ဒီဇင်ဘာ ၂၂

**အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့သည် ဟိုက်ဒရာဘတ်အနီး၌ လေဆိပ်တစ်ခု တည်ဆောက်ရေးအတွက် လမ်းဖွင့်ပေးမည့်သဘောတူညီချက်စာချုပ်ကို ဒီဇင်ဘာ ၂၀ရက်က အပြီးသတ် ချုပ်ဆိုကြသည်။**

အဆိုပါ သဘောတူစာချုပ်အရ မလေးရှားလေဆိပ် ဦးပိုင်ဘာဟက်ဒ်ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှုထည့်ဝင်ငွေ၏ ၁၁ ရာခိုင်နှုန်း ပိုင်ဆိုင်မှုရှိမည်ဖြစ်သည်။

## ပိုင်ဆိုင်မည်

အခြားရင်းနှီးမြှုပ်နှံမှုထည့်ဝင်ငွေကို ပိုင်ဆိုင်သည့် အုပ်စုအဖွဲ့အစည်းများ သည် ဂျီအမ်အာက ၆၃ရာခိုင်နှုန်း၊ အိန္ဒိယလေဆိပ်အာဏာပိုင်အဖွဲ့နှင့် အန်ဒရာပရာဒေ့ရှ် အုပ်ချုပ်ရေးအဖွဲ့က ၁၃ ရာခိုင်နှုန်း ပိုင်ဆိုင်ကြမည်ဖြစ်သည်။

အဆိုပါ ဆောက်လုပ်မည့် ဟိုက်ဒရာဘတ်နိုင်ငံတကာ လေဆိပ်သစ်သည် ပထမအဆင့်၌ တစ်နှစ်လျှင် ခရီးသည် ငါးသန်းကို ခရီးသွားမှု စီစဉ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ပထမအဆင့်၌ လေယာဉ်ပြေးလမ်းတစ်ခုရှိကာ ဒုတိယအဆင့်၌ ဒုတိယလေယာဉ်ပြေးလမ်းရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**






ဂျပန်နိုင်ငံတိုကျိုမြို့ မြောက်ပိုင်းရှိ စက်ရုံတစ်ရုံ၌ အီလက်ထရွန်းနစ် ပစ္စည်းများ တပ်ဆင်ထုတ်လုပ်လျက်ရှိသည်ကို ဒီဇင်ဘာ ၂၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# မကာအို၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး တရုတ်သမ္မတဟူကျင်တောင်တိုက်တွန်း

မကာအို ဒီဇင်ဘာ ၂၁

**မကာအို အထူးအုပ်ချုပ်ခွင့်ရဒေသ (အက်စ်အေအာ)အစိုးရသည် ရေရှည်သဘောထားအမြင်ရှိထားသင့်ပြီး မကာအို၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ရေးသင်တန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သင့်ကြောင်း တရုတ်သမ္မတဟူကျင်တောင်က မကာအို၌ တနင်္လာနေ့တွင်ပြောကြားသည်။**

၎င်းကပြည်မကြီးသို့ မကာအို ပြန်လည်ရောက်ရှိခဲ့သည့် ပဉ္စမအကြိမ် နှစ်ပတ် လည်အခမ်းအနားနှင့် မကာအိုအက်စ်အေအာ၏ ဒုတိယသက်တမ်းကာလအခမ်းအနားသို့ တက်ရောက်စဉ် မှတ်ချက်ပေးလိုက်ခြင်းဖြစ်သည်။

## ပင်ကိုစွမ်းရည်

ယနေ့ကမ္ဘာ့ယှဉ်ပြိုင်မှုသည်ပင်ကိုစွမ်းရည် ယှဉ်ပြိုင်မှုဖြစ်ရာ ပညာရေး ရင်းနှီးမြှုပ်နှံမှုရှိသင့်ပြီး မကာအိုရှိ ပညာရေးအလုံးစုံအဆင့်သည် ပိုမိုတိုးတက် မြင့်မားလာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

၎င်းပြင် မကာအို၏စီးပွားရေးနှင့် လူမှုရေး ဖွံ့တိုးတက်မှုအတွက် အစစ်အမှန် လိုအပ်ချက်ကို ဖြည့်ဆည်းမည့် အရေးကြီးသော လုပ်ငန်းလေ့ကျင့်မှု အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သင့်ကြောင်း ၎င်းကအကြံပြုခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# စင်ကာပူသို့ ရှစ်သန်းမြောက်လည်ပတ်သူ ဂျပန်အမျိုးသမီးကြီးအား ချန်ဂီလေဆိပ်၌ ခြိမ့်ခြိမ့်သဲကြိုဆို

စင်ကာပူ ဒီဇင်ဘာ ၂၀

**အသက် (၆၂)နှစ်အရွယ် အိမ်ထောင်ရှင် ဂျပန်အမျိုးသမီးတိုမိကာ ကွန်ဒိုသည် စင်ကာပူနိုင်ငံ၏ ချန်ဂီလေဆိပ်သို့ ခြေချလိုက်သည်နှင့် သူမအား ခြိမ့်ခြိမ့်သဲမှု ကြိုဆိုခဲ့ကြရာ သူမသည် တအံ့တသြဖြစ်ခဲ့ရသည်။ သူမအား စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်သူ ရှစ်သန်းမြောက်အဖြစ် ကြိုဆိုခဲ့ခြင်းပင်ဖြစ်သည်။**

## အခမဲ့

သူမအား စင်ကာပူနိုင်ငံ၌နေထိုင်လည်ပတ်စဉ် ကာလ၌ ရက်ဖ်ဖဲလ်ဟိုတယ်တွင် အခမဲ့တည်းခိုခွင့် ဈေးဝယ်ဘောက်ချာများ၊ စင်ကာပူအဲယားလိုင်းဖြင့် အိမ်အပြန်ခရီးအတွက် လေယာဉ်လက်မှတ်တို့ အပါအဝင် တန်ဖိုးဒေါ်လာ ၃၀၀၀၀ ခန့်ရှိသော လက်ဆောင်ပစ္စည်းများ စင်ကာပူနိုင်ငံက ပေးအပ်ခဲ့သည်။

## ကျော်လွန်

စင်ကာပူနိုင်ငံသို့ လာရောက် လည်ပတ်သူအရေအတွက်သည် ယခုနှစ် လျာထားသတ်မှတ်ထားသော ၇ဒသမ၆သန်းကို ကျော်လွန်ခဲ့ကြောင်း ခရီးသွားလာရေး ဘုတ်အဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

# ကမ္ဘောဒီးယားရေပိုင်နက်အတွင်း ရေနံတွင်းသစ်များ ရှာဖွေတွေ့ရှိ

ဖနောင်ပင် ဒီဇင်ဘာ ၂၁

**ချက်ဗ်ရွန်ပင်လယ်ရပ်ခြား ရေနံကုမ္ပဏီ(ကမ္ဘောဒီးယား)သည် ထိုင်းပင်လယ်ကွေ့၌ စူးစမ်းရှာဖွေစဉ် ကမ္ဘောဒီးယားရေပိုင်နက်အတွင်း၌ ရေနံတွင်းသုံးတွင်းကို ရှာဖွေတွေ့ရှိကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မင်းသား နိုရိုဒွန်ရာနာရစ်က ပြောကြားသည်။**

ချက်ဗ်ရွန်သည် သီဟာနုဗီးလ် ဆိပ်ကမ်းမြို့တောင်ဘက် ရေမိုင် ၁၄၀၌ ရေနံရှာဖွေစူးစမ်းလေ့လာမှုပြုခဲ့ကြောင်း ၎င်းကပြောကြားသည်။

အမေရိကန် ရေနံကုမ္ပဏီဖြစ်သော ချက်ဗ်ရွန်သည် ရေနံတွင်းများကို ရှာဖွေတွေ့ရှိကြောင်း ဝန်ကြီးချုပ် ဟွန်ဆင်က ယနေ့နံနက်ပိုင်း၌ မိမိအား အတည်ပြုကြောင်း မင်းသားရာနာရစ်က သတင်းထောက်များကို ပြောကြားသည်။

ရေနံတွင်းသုံးတွင်းရှိကြောင်း၊ တွင်းတစ်တွင်းသည် ရေနံအများအပြားကို စီးပွားဖြစ်ထုတ်နိုင်ကြောင်း၊ အခြားနှစ်တွင်းမှာ ပျမ်းမျှထုတ်နိုင်စွမ်းရှိကြောင်း၊ ၂၀၀၇ခုနှစ်၌ စတင်ထွက်ရှိနိုင်ကြောင်း ၎င်းကပြောကြားသည်။ ရေနံတွင်းများ၏ အတိုင်းအတာပမာဏနှင့် စပ်လျဉ်း၍ ၎င်းကခန့်မှန်းမပြောကြားသော်လည်း ကမ္ဘောဒီးယား ရေပိုင်နက်အတွင်းရှိသည်မှာအတိအကျဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

# အမေရိကန်၏ နယ်ချဲ့ဝါဒ ကျူးဘားနိုင်ငံသားများ ဆန့်ကျင်ဆန္ဒပြ

**ဟာဗားနား ဒီဇင်ဘာ ၂၁**

ကျူးဘားနိုင်ငံသားငါးထောင်ခန့်သည် ဟာဗားနားရှိ အမေရိကန်သံတမန် အဖွဲ့ရုံးခန်းအပြင်ဘက်တွင် ၎င်းတို့နိုင်ငံအပေါ်ထားရှိသော အမေရိကန်မူဝါဒကို တနင်္လာနေ့ကပြစ်တင်ရှုတ်ချကြသည်။

ကွန်မြူနစ်ပါတီ နိုင်ငံရေးဗျူရို၏ ဒုတိယသမ္မတ ကာလို့စ်လေ့ချ်ဒါဗီလာနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရီကာဒို အာကာရွန်တို့ ယင်းလူထုစုဝေးရှုတ်ချပွဲသို့ တက်ရောက်ကြည့်ရှုခဲ့ကြသည်။ ထိုနေ့ညနေပိုင်း၌ လူထုစုဝေးရှုတ်ချပွဲတွင် ကွန်မြူနစ်လူငယ်များ၊ တက္ကသိုလ်နှင့် အထက်တန်းကျောင်းခေါင်းဆောင်များက အမေရိကန် နယ်ချဲ့ဝါဒကိုဝေဖန်ရှုတ်ချကာ တိုက်ခိုက်ပြောဆိုကြသည်။

အမေရိကန်ပြည်ထောင်စု၏ ဖက်ဆစ်ဝါဒသစ်သည် မိမိတို့၏ တော်လှန် ရေးကို ဆက်လက်အနှောင့်အယှက်ပြုနေကြောင်း၊ ယင်းသို့ လှုံ့ဆော်ရန်စမှု ဆက်လက်ရှိနေသမျှ သူတို့ကို မိမိတို့ဆက်လက်တိုက်ပွဲဝင်ရန်လိုအပ်မည်ဖြစ်ကြောင်း ဟာဗားနားတက္ကသိုလ်မှ ကာလို့စ်လေ့ချ်ဆိုသူက ပြောကြားသည်။

အဆိုပါ အမေရိကန်နယ်ချဲ့ဝါဒ ဆန့်ကျင့်ရေးလူထုဆန္ဒပြပွဲကို ဟာဗားနားရှိ အမေရိကန်သံတမန်အဖွဲ့ရုံးရှေ့၌ ကျင်းပခဲ့ရာ နိုင်ငံပိုင် လူထုဆက်သွယ်ရေးက သတင်းထုတ်လွှင့်ပြသခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ**

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ ခရစ္စမတ်အကြိုအဖြစ် ကားရထားဖြင့် မြို့တွင်းလှည့်လည်ဖျော်ဖြေလျက်ရှိသည်ကို ဒီဇင်ဘာ ၂၁ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)



# ပူနွေးသော ဆောင်းရာသီကြောင့် ပေကျင်း၌ စကိတ်ကွင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိ

ပေကျင်း ဒီဇင်ဘာ ၂၁

**ပေကျင်းမြို့တော်တွင် ယခုနှစ်၌ ပူနွေးသောဆောင်းရာသီကြောင့် ဖွင့်လှစ်ရန်ရှိသော စကိတ်ကွင်းအများအပြားကို ဖွင့်လှစ်ရန်ရွှေ့ဆိုင်းထားရရာ ယင်းစကိတ်ကွင်းများမှ ရရှိမည့်ဝင်ငွေ ၂၀ရာခိုင်နှုန်းလျော့ဖွယ်ရှိကြောင်း ကျွမ်းကျင် သူများက ပြောကြားသည်။**

မကြာသေးမီက တိုက်ခတ်ခဲ့သော လေအေးများကြောင့် ပေကျင်းရှိ အနိမ့်ဆုံးအပူချိန် သုညမှတ်အောက်ကျဆင်းခဲ့သည်။ ယခုသတင်းပတ်၌ဖွင့်မည့် ပေကျင်းဆင်ခြေဖုံးများရှိ စကိတ်ကွင်းအများအပြားသည် ယမန်နှစ်ကထက် နှစ်ပတ်နီးပါးနောက်ကျပြီး ဖွင့်ရဖို့ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယခုနှစ်၌ ပူနွေးသော ဆောင်းရာသီကို (၁၉)ကြိမ်မြောက် တွေ့ကြုံရခြင်းဖြစ်ပြီး တရုတ်နိုင်ငံမြောက်ပိုင်း၌ ပျမ်းမျှအပူချိန်သည် ယမန်နှစ် အလားတူကာလထက် ၂–၄ ဒီဂရီစင်တီဂရိတ် ပိုမိုမြင့်မားသည်ကို တွေ့ရသည်။

ဆုံးရှုံးမှုလျော့နည်းစေရန်အတွက် ပေကျင်းရှိ စကိတ်ကွင်းအများအပြားသည် ယခုနှစ်ဆောင်းရာသီစကိတ်စီးသည့် ဈေးနှုန်းကို တိုးမြှင့်ထားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# လျှောင်နင်းပြည်နယ်နေရာအနှံ့ နှင်းများထူထပ်စွာကျ အဝေးပြေးလမ်းမကြီးများပိတ်ထားရ

**ရှင်ယန် ဒီဇင်ဘာ ၂၀**

တရုတ်နိုင်ငံ၏ အရှေ့မြောက်ပိုင်းရှိ လျှောင်နင်းပြည်နယ်၏ နေရာအများစုတွင် စနေနေ့ညမှစပြီး နှင်းများထူထပ်စွာ ကျဆင်းခဲ့ရာ အဓိကကျသော လေဆိပ်နှင့် အမြန်လမ်းမကြီးများကို လောလောဆယ်ပိတ်ထားရသည်။

အဓိကအဝေးပြေးလမ်းမကြီးများကို တနင်္ဂနွေနေ့ နံနက်၅ နာရီမှစပြီး ပိတ်ထားသော်လည်း ပြည်နယ်မြို့တော် ရှင်ယန်မှဒါလီယန်သို့ သွားသည့် အဝေးပြေးလမ်းမကြီးကိုမူ ဖွင့်ပေးထားဆဲဖြစ်ကြောင်း ပြည်နယ်အဝေးပြေးလမ်း စီမံအုပ်ချုပ်ရေးဌာနက ပြောကြားသည်။

ထို့ပြင် ပြည်နယ်မြို့တော် ရှင်ယန်ရှိတော်ရှင်း နိုင်ငံတကာလေဆိပ်ကိုလည်း တနင်္ဂနွေနေ့ နံနက်ပိုင်း၌ ပိတ်ထားလိုက်သည်။ နှင်းများဆက်လက်ကျဆင်းနေပြီး သဲကွဲစွာမမြင်ရကြောင်း ဒေသသတင်းရပ်ကွက်များက ပြောကြားသည်။ ယခုနှစ်ဆောင်းရာသီစချိန်မှစပြီး လီယွန်နင်ပြည်နယ်၌ နှင်းများအထူထပ်ဆုံး ကျခြင်းဖြစ်သည်ဟု မိုးလေဝသပညာရှင်များက ပြောကြားသည်။ ရှင်ယန်မြို့၏ လမ်းမကြီးများပေါ်တွင် ထူထပ်စွာ ဖုံးအုပ်နေသောနှင်းများကို ပတ်ဝန်းကျင်သန့်ရှင်းရေး အလုပ်သမားစုစုပေါင်း ၇၀၀၀က ရှင်းလင်းဖယ်ရှားခဲ့ကြသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

*စာမျက်နှာ ၃ မှ*

စက်မှုဇုန်များ၏ လိုအပ်ချက်များကို အမြဲမပြတ် ညှိနှိုင်းပေါင်းစပ်အားပေးသွားရန် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသည့် စက်မှုလက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရေနံချောင်းစက်မှုဇုန်က ထုတ်လုပ်ထားသည့် မော်တော်ဆိုင်ကယ် ပစ္စည်းများ၊ စားသောက်ကုန်များ၊ လယ်ယာသုံးပစ္စည်းများနှင့် ပြောင်းရိုးစင်းစက်၊ ဆီးသီးအခွံချွတ်စက်၊ အမှုန့်ကြိတ်စက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နှစ်ဘီးဆိုင်ကယ်များကိုလည်းကောင်း၊ သုံးဘီးဆိုင်ကယ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို အားပေးမှာကြားသည်။

**မိုနှင့်တွင်ခုံများပြသ**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရွှေနဂါးစက်မှုလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးအားပေးကြရာ ပိုင်ရှင် ဒေါ်ဝင်းမော်ထွန်းက နှစ်ဘီးဆိုင်ကယ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ထားမှု၊ ဆိုင်ကယ်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် မိုများနှင့် တွင်ခုံများကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် နှစ်ဘီးဆိုင်ကယ်များ အဆင့်လိုက်တပ်ဆင်ထုတ်လုပ်နေမှုများနှင့် အရည်အသွေးစမ်းသပ်စစ်ဆေးမှုများကို လည်းကောင်း၊ ထုတ်လုပ်ထားသည့် Star အမှတ်တံဆိပ် ဆိုင်ကယ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တာဝန်ရှိသူများအား အားပေးစကားပြောကြားပြီး ရွှေနဂါးစက်မှုလုပ်ငန်း ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

**မကွေးမြို့ရောက်ရှိ**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရေနံချောင်းမြို့မှ မကွေးမြို့သို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ညနေ၅နာရီတွင် ရောက်ရှိကြပြီး မကွေးမြို့မှ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် တပ်မှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်၊ မကွေးတပ်နယ်မှုဗိုလ်မှူးချုပ်ဌေးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(သတင်းစဉ်)**



**ဒီဇင်ဘာ ၂၀ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ရွှေစည်းခုံ စေတီတော် အတွက် အလှူငွေများကို ဂေါပက အဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်း-ဇ)**

(သတင်းစဉ်)

# ဒီဇယ်အင်ဂျင်သုံးမော်တော်ယာဉ်များ သဘာဝဓာတ်ငွေ့သုံးပြောင်းလဲရေး စဉ်ဆက်မပြတ်တိုးမြှင့်ဆောင်ရွက်ရန် ဝန်ကြီးဗိုလ်ချုပ်စောလွင်မှာကြား

ရန်ကုန် ဒီဇင်ဘာ ၂၂

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ယနေ့နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အင်းလျားကန်ဟိုတယ်လမ်းရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်)သို့ရောက်ရှိပြီး ခင်းကျင်းပြသထားသော သဘာဝဓာတ်ငွေ့သုံး ဆလင်ဒါအိုးများ၊ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်ပြောင်းလဲရာတွင် အသုံးပြုသည့် CNG Convension Kit များနှင့် ဆက်စပ်ပစ္စည်းများ၊ ဘတ်စ်ကားအင်ဂျင်တွင် CNG Convensior Kit ပြောင်းလဲ၍ စမ်းသပ်တပ်ဆင်မှုများကိုလည်းကောင်း၊ အမှတ်(၁)မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)ကထုတ်လုပ်သော တီအီး(၂၁)ကုန်တင်ယာဉ်များတွင် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များပြောင်းလဲ တပ်ဆင်ထားရှိမှု၊ ဒီဇယ်နှင့် သဘာဝဓာတ်ငွေ့နှစ်မျိုးသုံး အင်ဂျင်ပြောင်းလဲတပ်ဆင် ထားရှိမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ** (အောက်ပုံ) **ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းနှင့် စက်ရုံအထွေထွေမန်နေဂျာ ဦးလှိုင်သိန်းတို့က ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် ဝန်ကြီးအား စက်ရုံရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဒီဇယ်အင်ဂျင်သုံးမော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံးအင်ဂျင် ပြောင်းလဲတပ်ဆင်ပြီးစီးမှုအခြေအနေ၊ သဘာဝဓာတ်ငွေ့ ဆလင်ဒါအိုးများနှင့် CNG Convension Kit များ ပြည်ပမှ မှာယူထားရှိမှုအခြေအနေနှင့် သဘာဝဓာတ်ငွေ့သုံးအင်ဂျင် ပြောင်းလဲရေး အတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဒီဇယ်အင်ဂျင်သုံးမော်တော်ယာဉ်များ သဘာဝဓာတ်ငွေ့သုံးအင်ဂျင် ပြောင်းလဲရေး စဉ်ဆက်မပြတ်စေရန် အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်သွားရေး၊ ပြည်ပမှ ဝယ်ယူရသည့် CNG Convension Kit များမှ အချို့ ပစ္စည်းအစိတ်အပိုင်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် အဖွဲ့များဖွဲ့စည်းပြီး ပေါင်းစပ်တီထွင်ထုတ်လုပ်ရေး၊ ပြည်ပမှ မှာယူထားသော ပစ္စည်းများရောက်ရှိချိန်တွင် အသင့် တပ်ဆင်နိုင်ရေးအတွက် လိုအပ်သော စက်ခုတ်စားမှုများကို အဆက်မပြတ် ပြုလုပ်နိုင်ရန် စီမံချက်ရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရေး၊ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ အသုံးပြုရေးကို ပြည်သူများ ကျယ်ပြန့်စွာ သိရှိနားလည် သဘောပေါက်လာစေရန်အတွက် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ဆွေးနွေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဝန်ကြီး ဦးဉာဏ်ဝင်း ဂျပန်ဘုရင်မင်းမြတ်မွေးနေ့ သဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂၃**

၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဂျပန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာ နိုဘူတာကာ မာချိမူရာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**



**ဒီဇင်ဘာ ၂၂ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်ဇနီး ဒေါ်ခင်နှင်းဝေ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပသည့် နှစ်(၆၀)ပြည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်လာကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Pham Quang Khon က ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)



**အထက(၁) အင်းစိန် (ယခင်အစိုးရတန်းမြင့်ကျောင်း)ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၈ရက်က အဆိုပါကျောင်းဧရာခန်းမ၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြစဉ်။** (က-ပ)

## ဆုချီးမြှင့်

**အမက(၁၃) မင်္ဂလာတောင်ညွန့်မြို့နယ်၏ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၈ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်လွင်က အတန်းလိုက် ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မခင်နှင်းထွေးအား ဆုချီးမြှင့်စဉ်။**

(က-ပ)



# ပဲခူးမြို့ အထက(၄)အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ပဲခူးမြို့ အထက(၄) (ယခင်ဘီဘီအမ်ကျောင်း)၏ ၂၀၀၄ ခုနှစ် တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် ၁၉၇၇ ခုနှစ်မတိုင်မီ အထက(၄) ပဲခူး ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့၊ ဗန္ဓုလလမ်း အလက(၆) (ယခင်ဘီဘီအမ်ကျောင်း) သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးစိုးကျင် ဖုန်း-၀၁-၃၈၃၃၉၆၊ ဒေါ်ထားထားဆွေ ဖုန်း-၀၁-၃၇၁၆၉၅၊ ဦးစစ်နောင် ဖုန်း-၀၁-၅၃၆၁၄၂ နှင့် ဦးစိန်ဝင်း ဖုန်း-၀၅၂-၂၂၀၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဂရိတ်ဝေါအမျိုးသားတံခွန်စိုက်ကြက်တောင်ပြိုင်ပွဲဖွင့်လှစ်ပေး

ရန်ကုန် ဒီဇင်ဘာ ၂၂

**မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ဂရိတ်ဝေါဆေးဝါးထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့က ပံ့ပိုးကူညီသည့် ၂၀၀၄ခုနှစ် ပဉ္စမအကြိမ်မြောက် ဂရိတ်ဝေါ အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲက လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းရှိ အမျိုးသား ကြက်တောင်အားကစားခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။**

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

**ဆက်လက်ကျင်းပ**

ထို့နောက်ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။ ထို့နောက် ပြိုင်ပွဲများအား ဆက်လက်ကျင်းပသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

ယခုပဉ္စမအကြိမ်မြောက် ဂရိတ်ဝေါ အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲသို့ ဝန်ကြီးဌာနအသင်းများ၊ ပြည်နယ်နှင့် တိုင်းအသင်းများ၊ ကလပ်အသင်းများ စုစုပေါင်း၁၆သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် အသက် ၁၄နှစ်အောက်၊ ၁၆နှစ်အောက်၊ ၁၈နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ သာမန်တန်း အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ သက်ကြီးတန်း အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ၊ အကြီးတန်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား-အမျိုးသမီး ပြိုင်ပွဲများ ထည့်သွင်းကျင်းပလျက်ရှိသည်။

ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်မှ စတင်၍ကျင်းပခဲ့ပြီး ဒီဇင်ဘာ ၂၄ရက်အထိ ကျင်းပမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**



# လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဆရာတော်များအား ဆွမ်းကပ်လှူ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ နာယကချုပ် ဆရာတော်နှင့်သင်ကြားစီမံဆရာတော်များ၊ စာသင်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပရာ **(အပေါ်ပုံ)** နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏နာယကချုပ်ဆရာတော်နှင့် သင်ကြားစီမံ ဆရာတော်များ၊ စာသင်သံဃာတော်များအား တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ်၂၆၂၅၀၀ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွန်းက ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခိုင်အောင်က လက်ခံယူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

**၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၈၉၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

**ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

# လှော်ကားဥယျာဉ် ခရစ္စမတ်နေ့ ဖွင့်ထားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှညနေ ၄နာရီအထိသာဖွင့်လှစ်သော်လည်း ဒီဇင်ဘာ၂၅ရက် စနေနေ့(ခရစ္စမတ်နေ့)တွင်အများပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေအနားယူလှေလာနိုင်ရန်အတွက် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဒီဇင်ဘာ၂၂ရက်က ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ဝိဇ္ဇာမျက်လုံးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆေးဝါးများကို ဝယ်ယူအားပေးသူများဖြစ်ပြီး စည်ကားလျက်ရှိစဉ်။**

**(မြန်မာ့အလင်း)**



# သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်



ရန်ကုန် ဒီဇင်ဘာ ၂၂

**ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်းအရ ပဲခူးခရိုင် ပဲခူးမြို့နယ် သစ်တောဦးစီးဌာနက တောင်ဇာမရီကြိုးဝိုင်း၊ အကွက်အမှတ်(၅၇)ကို သဘာဝကျွန်းတောကောင်းဧရိယာအဖြစ်သတ်မှတ်၍ ကျွန်းပင်ထောင်စာရင်းများကောက်ယူခြင်း၊ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်း၊ သစ်တောလမ်းပြင်ဆင်ခြင်း၊ ကျွန်းဓမ္မတာ မျိုးဆက်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း စသည့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယနေ့အထိ သဘာဝကျွန်းတောကောင်း ဧရိယာအဖြစ် ၁၃၂၉ ဧကေ တိုင်းတာပြီးစီးကြောင်း သတင်းရရှိသည်။** (အပေါ်ပုံ)

(သတင်းစဉ်)

# ရွှေလုပ်ငန်းရှင်များအသင်းနှစ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ဒုတိယအကြိမ် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၂၈ရက် နံနက် ၁၀ နာရီတွင် ကျောက်တံတားမြို့နယ် ကုန်သည်လမ်း အမှတ် ၅၀၄/၅၀၆ (၃၉လမ်းထောင့်)ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်အသင်းဝင်များ မပျက်မကွက် အစည်းအဝေးတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်များနှင့် လျော်ညီစွာ သာယာလှပစေပြီး ပြည်သူများအပန်းဖြေအနားယူနိုင်ရန် ပန်းခြံများ၊ ကန်ပေါင်များ၊ သစ်ပင်များ၊ မြက်ခင်းများ၊ပန်းအလှပင်များအား နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိပါသည်။

၂။ ပြည်သူများစိတ်နှလုံးချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် ပန်းခြံများနှင့်ကန်ပေါင်များတွင် မြက်ခင်းများ၊ သစ်ပင်ပန်းခင်းများ၊ထီးများ၊ထိုင်ခုံများ၊တံတားများ၊မီးလုံး၊မီးဆိုင်းများနှင့် အခြားလိုအပ်သောပစ္စည်းများအား တပ်ဆင်ထားရှိပါသည်။

၃။ သို့ရာတွင် ပြည်သူများအပန်းဖြေရန် ပြုလုပ်ပေးထားသည့်ပစ္စည်းများအား စည်းကမ်းမဲ့သော ပြည်သူအချို့ကြောင့် ပျက်စီးခဲ့ရပြီး ၂၀၀၃ခုနှစ် ခရစ္စမတ်ပွဲတော်ကာလနှင့် ၂၀၀၃-၂၀၀၄ နှစ်သစ်ကူးကာလရက်များအတွင်း အပျော်လွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခဲ့၍ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ ၆(၁)အရ တရားခံ ခုနစ်ဦးအား အရေးယူခဲ့ရပါသည်။

၄။ ထို့ကြောင့် ၂၀၀၄ ခုနှစ် ခရစ္စမတ်ပွဲတော်ကာလနှင့် ၂၀၀၄-၂၀၀၅ နှစ်သစ်ကူးရက်များအတွင်း အင်းလျားကန်ပေါင်ရှိ ကမ္ဘာအေးဘုရားလမ်းဘက်ခြမ်းနှင့် ပြည်လမ်းဘက်ခြမ်းနေရာများအား နေ့စဉ် နံနက် ၄ နာရီမှ ည ၉ နာရီအထိသာ အပန်းဖြေအနားယူခွင့်ပြုမည်ဖြစ်ပြီး ကျန်အချိန်များ ပိတ်ထားမည်ဖြစ်ပါသည်။

၅။ ထိုနည်းတူ မြို့တော်သာယာလှပစေရေးအတွက် ပြည်သူများအပန်းဖြေရန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်နိုင်ရန် ဆောင်ရွက်ထားသည့် လမ်းများ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ မီးလုံး၊မီးဆိုင်းများ၊ဆိုင်းဘုတ်များ စသည်တို့ကို ပျော်ရွှင်မှုလွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖျက်ဆီးပါက ယခင်နှစ်များနည်းတူ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# မြောင်းမြကွယ်လွယ် မိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်း မြောင်းမြမြို့ ကွယ်လွယ် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ ခုနစ်ရက်တရားစခန်းပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၅ရက်မှ ၁၁ရက် (နတ်တော်လပြည့်ကျော် ၁၀ ရက်မှ ပြာသိုလဆန်း ၂ရက်အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲ၌ ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော်ဘဒ္ဒန္တတေဇိန္ဒ(B.Sc Phy) က ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းခန္ဓာပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၃–၁၂–၂၀၀၄ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၅ ၈။ ကျင်းသာရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go

**ညပိုင်း**

၁၄:၅၀ ၁။ ၂၀၀၄ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်(ဗိုလ်လုပွဲ) **(ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်း)**
၁၆:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၇:၀၀ ၃။ တေးဂီတအစီအစဉ်
၁၇:၁၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သချာအထူးပြု) (သချာ)
၁၇:၂၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၃၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၄၅ ၇။ တေးဂီတအစီအစဉ်
၁၈:၀၀ ၈။ **"လောကရဲ့အလှရတနာ"** (ရဲအောင်၊ မေသဥ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချောရတနာ၊ မေကဗျာ)
၁၈:၁၅ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း–၃၉)
၁၉:၃၀ ၁၃။ တေးဂီတအစီအစဉ်
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ မြန်မာဗီဒီယိုဇာတ်လမ်း **"ပန်းသီးလေးတစ်လုံးရဲ့ ရာဇဝင်"** (အပိုင်း–၁) (မင်းမော်ကွန်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ–စိုးကျော်ဆန်း)

# နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဂျပန်နိုင်ငံဘုရင်မင်းမြတ်မွေးနေ့ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂၃**

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သောဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျွန်အိချိရိုကိုအိဇုမိထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## ကြည့်ရှုအားပေး

**Miss ASEAN° Culture Myanmar 2004 ပြိုင်ပွဲကို အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ကြည့်ရှု အားပေးသူများကို တွေ့ရစဉ်။** (မြန်မာ့အလင်း)



# မစ်(စ်)အာဆီယံမြန်မာပြိုင်ပွဲနောက်ဆုံး အဆင့်ယှဉ်ပြိုင် ပထမ အိရူပါဝင်း၊ ဒုတိယ မေနန်းဦးနှင့် တတိယ မေပွင့်လှိုင်တို့ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ စီစဉ်မှုဖြင့် Miss ASEAN Culture Myanmar 2004 နောက်ဆုံးအဆင့်ပြိုင်ပွဲကို ယမန်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)တို့၏ဇနီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၏ဇနီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်ဒိုင်လူကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သတင်းနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများနှင့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ Miss ASEAN Culture Myanmar 2004 ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားသည်။

**ဆုချီးမြှင့်**

ပြိုင်ပွဲအပြီးတွင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၏ဇနီး ဒေါ်မာလာတင့်က တတိယဆုရ မေပွင့်လှိုင်အား ဆုတံဆိပ်နှင့် ငွေကျပ် ၁၀သိန်းတန် ချက်လက်မှတ်ကိုလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၏ဇနီး ဒေါ်ခင်နှင်းဝေက ဒုတိယဆုရ မေနန်းဦးအား ဆုတံဆိပ်နှင့် ငွေကျပ် သိန်း၂၀တန် ချက်လက်မှတ်ကို လည်းကောင်း၊ ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က ပထမဆုရ အိရူပါဝင်းအား ရွှေစင်ရုပ်တု၊ ငွေကျပ် သိန်း၃၀တန် ချက်လက်မှတ်နှင့် တစ်နှစ်တာ ပိုင်ဆိုင်ခွင့်ရှိသော စိန်သရဖူတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ ကျင်းပပြီးစီးသွားသည့် Miss ASEAN Culture Myanmar 2004 ပြိုင်ပွဲတွင် ပထမဆုရရှိသူ အိရူပါဝင်းအား ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၄ရက်အထိ အင်ဒိုနီးရှား သမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် Miss ASEAN Culture2005 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုကိုယ်စားပြု၍ စေလွှတ်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ယှဉ်ပြိုင်

**Miss ASEAN Culture Myanmar 2004 ပြိုင်ပွဲ နောက်ဆုံးအဆင့်၌ ပြိုင်ပွဲဝင်ငါးဦး ယှဉ်ပြိုင်ကြစဉ်။** (မြန်မာ့အလင်း)

## စာဆိုတော်နေ့အထိမ်းအမှတ် စာပေရေးရာဟောပြောမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

တောင်ငူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းပြီး ၁၃၆၆ ခုနှစ်စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို တောင်ငူမြို့ မိုးလုံလေလုံအားကစားရုံတွင် ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂၂ရက် ည ၇ နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ချစ်ဦးညို၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ဇူးကျော်တို့က စာပေရေးရာများဟောပြောကြမည်ဖြစ်ကြောင်းသိရသည်။

စာဆိုတော်နေ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ကဗျာ၊ ကာတွန်းပြိုင်ပွဲများကို ကျင်းပပြုလုပ်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုကြသော စာပေဝါသနာရှင်များသည် ပြိုင်ပွဲစည်းကမ်းများကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး ဖုန်း–၀၅၄–၂၅၄၇၉ သို့ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(၀၃၀)**

**ကွယ်လွန်သူ ဦးကျင်ပွန်အား ရည်စူး၍ အမှတ်(၁၇၅) ၄–လမ်း နောက်လယ်ရပ်၊ မြိတ်မြို့နေ ဒေါ်ရှင်မာနှင့် သားသမီးတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို နိုဝင်ဘာ ၁၄ရက်က လှူဒါန်းရာ ဆေးရုံဌာနစုမှူး ဦးမြတ်ကျော် လက်ခံယူစဉ်။** (က–ပ)



## သာယာမည်

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။**



**ပဉ္စမအကြိမ်မြောက် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင်ရွှေမန်းတောင်ဆေးတိုက်၌ ဝယ်ယူအားပေးကြသူများ စည်ကားစွာတွေ့ရစဉ်။** (က–ပ)

## မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

အလက ရှမ်းကုန်းမှော်ဘီ၏ ၁၉၇၉မှ ၂၀၀၄ခုငွေရတုနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဦးခင်မောင်စိုး၊ ဆရာမကြီးဒေါ်ခင်မလေးအမှူးပြု၍ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ်ပူဇော်ပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၀ရက် (တနင်္လာနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် ကြွရောက်အပူဇော်ခံကြပါရန်နှင့် လှူဒါန်းလိုသော ကျောင်းသားကျောင်းသူဟောင်းများသည် ဒေါ်ခင်သက်မြင့် (ကျောင်းအုပ် အလက ရှမ်းကုန်း) ဒေါ်သီတာဆွေ ဖုန်း–၆၆၀၈၁၁၊ ဒေါ်ခင်သက်နိုင် (လထခ မှော်ဘီ) ဒေါ်ရီရီတင်၊ ဒေါ်အုန်းမြင့် အလက(၄) မင်္ဂလာဒုံ၊ ဦးရွှေဝင်း ဖုန်း–၆၂၀၀၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့်နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

**၂၀၀၄ခုနှစ်၊ ဒီဇင်ဘာလအတွက်**

**နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၂၆–၁၂–၂၀၀၄ရက်နေ့**

**၂၀၀၅ခုနှစ်၊ဇန်နဝါရီလအတွက်**

**(၉–၁–၂၀၀၅)ရက်နေ့နှင့် (၃၀–၁–၂၀၀၅)ရက်နေ့**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးတိုင်း ညောင်ဦးမြို့၌ အကောင်အထည်ဖော် ဆောင်ရွက်နေသော ပုဂံရွှေနန်းတော် ပုံစံငယ်ကို ကြည့်ရှုစဉ်။** (သတင်းစဉ်)

**✡ ရှေ့ဖုံးမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုဂံရွှေနန်းတော်၊ နန်းမြင့်မျှော်စင်နှင့် ဟိုတယ်ပုံစံငယ်များကြည့်ရှု စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရေးမှာကြား





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား နန်းမြင့်မျှော်စင် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပုဂံ-ညောင်ဦး၌ ဟိုတယ်ဇုန်လုပ်ငန်းများ၊ နန်းမြင့်မျှော်စင်နှင့် နန်းမြင့်မျှော်စင်ဟိုတယ် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ရေးဦးစွာ မဟာရာဇသိရီအနိရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်က ပဏာမရှင်းလင်းတင်ပြရာ၌ ၂၀၀၃ ခုနှစ် ဧပြီ ၁၇ ရက်တွင် ပုဂံသို့ရောက်ရှိစဉ် ဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်ချက်များနှင့်အညီ ပထမ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော အနော်ရထာမင်းတရားကြီး၏ ပုဂံရွှေနန်းတော်ကြီးကို ခိုင်လုံသော အထောက်အထားများရှာဖွေပြီး ပြန်လည်တည်ဆောက်နိုင်ရန် သုတေသနပြု ရှာဖွေတူးဖော်မှုများပြုခဲ့ပါကြောင်း။

**တာဝန်ယူတည်ဆောက်**

သမိုင်းပညာရှင်များက တညီတညွတ်တည်းလက်ခံကြသည့် ပုဂံနန်းတော်ဟောင်းနေရာ၌ ပုဂံရွှေနန်းတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများကို Htoo Trading Co.,Ltd. က တာဝန်ယူတည်ဆောက်လျက်ရှိပါကြောင်း။

ယင်းသို့ တည်ဆောက်ရာ၌ ရှေးထုံးတမ်းစဉ်လာများနှင့်အညီ နန်းတော်တည်ဆောက်မည့်နေရာ၌ မြေသန့်ပရိတ်ရွတ်ခြင်း၊ ဗဟိုပန္နက်တော်တင် မင်္ဂလာနေရာ၌ အန္တရာယ်ကင်းပရိတ်ရွတ်ခြင်း၊ ပန္နက်တော်တင်မင်္ဂလာနှင့် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကျင်းပခြင်း၊ ရွှေနန်းတော်တိုင်ထူပွဲ မင်္ဂလာအခမ်းအနား ကျင်းပခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

တည်ဆောက်ရေးလုပ်ငန်းများကို ပုဂံခေတ် အနုပညာသမိုင်းမှတ်တမ်းများနှင့်အညီ သုတေသနပြုလျက် ပြည့်ပြည့်စုံစုံ စနစ်တကျ တည်ဆောက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် Htoo Trading Co., Ltd. ဥက္ကဋ္ဌ ဦးတေဇက ပုဂံရွှေနန်းတော် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို အသေးစိတ်စီမံချက်ရေးဆွဲပြီး အဆင့်သုံးဆင့်ခွဲခြား၍ တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ တည်ဆောက်နေသော နန်းမြင့်မျှော်စင်နှင့် နန်းမြင့်မျှော်စင်ဟိုတယ်ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

23-12 (08).p65 1 3/26/05, 8:25 PM

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လောကနန္ဒာစွယ်တော်ရှင်ဘုရား၊ ဆင်များရှင်ဘုရားနှင့် ရွှေစည်းခုံစေတီတော်ဖူးမြော်ကြည်ညို

ရန်ကုန် ဒီဇင်ဘာ ၂၂

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ပုဂံ-ညောင်ဦးရှိ လောကနန္ဒာစွယ်တော်ရှင်ဘုရားသို့ သွားရောက်ပြီး ရှေးဦးစွာ ဘုရားအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကန်တော့သည်။**

## လက်ယာရစ်လှည့်လည်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် လောကနန္ဒာစွယ်တော်ရှင်ဘုရားအား လက်ယာရစ်လှည့်လည်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

## ဖူးမြော်ကန်တော့

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဆင်များရှင်ဘုရားသို့ သွားရောက်ဖူးမြော်ကန်တော့ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘုရားအတွက်အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

## ရွှေစည်းခုံစေတီတော်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ အရှေ့ဘက်မုခ်အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ရေချမ်း၊ ပန်းတို့ဖြင့် ရွှေစည်းခုံစေတီတော်အား ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကန်တော့ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရွှေစည်းခုံစေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်အားလက်ယာရစ်လှည့်လည်ကြည်ညိုကြသည်။ **(သတင်းစဉ်)**





## ဖူးမြော်ကန်တော့

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ လောကနန္ဒာစွယ်တော်ရှင်ဘုရားအား ဖူးမြော်ကန်တော့ကြစဉ်။**
(သတင်းစဉ်)

ဆက်လက်၍ ဗိသုကာပညာရှင် ဦးသော်က ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာမှုပညာရှင် တမ္ပဝတီဦးဝင်းမောင်က ပုဂံရွှေနန်းတော်တည်ဆောက်ရေးလုပ်ငန်းများ၌ ပုဂံခေတ်အနုပညာလက်ရာပုံစံများကို မှတ်တမ်းမှတ်ရာအထောက်အထား အကိုးအကားများနှင့်အညီ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## စနစ်တကျပြည့်စုံအောင်ပြုစု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပုဂံရွှေနန်းတော် တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ ရှာဖွေဖော်ထုတ် သုတေသနပြုခဲ့ပြီး သုတေသနပြုရရှိသည့် အချက်များအပေါ် မည်ကဲ့သို့ ညှိနှိုင်းတည်ဆောက်ခဲ့သည်ဆိုသည့် စတင်တည်ဆောက်သည်မှ ပြီးစီးသည်အထိ တည်ဆောက်မှုမှတ်တမ်းညှိနှိုင်းတွေ့ရှိမှု မှတ်တမ်းမှတ်ရာများကို စနစ်တကျ ပြည့်စုံအောင်ပြုစုပြီး နောင်တစ်ချိန်တွင် စာအုပ်အဖြစ်ထုတ်ဝေသွားရန်လိုကြောင်း၊ သို့မှသာ ပုဂံရွှေနန်းတော်ကြီး ပြန်လည်တည်ဆောက်ခဲ့ရသည့် သမိုင်းအထောက်အထား၊ အတွေ့အကြုံ အထောက်အထားများကို ပြည်သူများ နောင်လာနောက်သားများအနေဖြင့် ခိုင်ခိုင်လုံလုံ လေ့လာသိရှိနိုင်မှာဖြစ်ကြောင်း။

## ခိုင်ခိုင်မာမာတည်ဆောက်

တည်ဆောက်ရာ၌ သုတေသနမှတ်တမ်းမှတ်ရာများနှင့်အညီ ပီပီပြင်ပြင် ခိုင်ခိုင်မာမာတည်ဆောက်သွားကြရမှာဖြစ်သကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းတိုင်းကို ဂရုစိုက်ဆောင်ရွက်ပြီး ပစ္စည်းမှန်၊ ပစ္စည်းသန့်များ အသုံးပြု တည်ဆောက်သွားကြရန်လိုကြောင်းလမ်းညွှန်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပုဂံရွှေနန်းတော်ပုံစံငယ်ကို ကြည့်ရှုသည်။

## ပုံစံတံကဲနမူနာကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စီမံကိန်း၌အသုံးပြုမည့် ကြွေနန်းတိုင်နှင့် ပုဂံခေတ်ပုံစံတံကဲနမူနာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းများအနက် တောင်စမုတ်ဆောင် တည်ဆောက်ရေးလုပ်ငန်းနှင့် ပဋ္ဌပါသာဒရွှေနန်းတော်ကြီးတည်ဆောက်ရေးလုပ်ငန်းများ၏ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပုဂံရွှေနန်းတော်တည်ဆောက်ရေးစီမံကိန်းအရ နန်းဆောင်၁၂ဆောင်နှင့် လှေကားကြီး ၁၀ စင်းတို့ကို တည်ဆောက်သွားရမည်ဖြစ်သည်။

ယင်းလုပ်ငန်းများအနက် ဇေတဝန်ဆောင်မှာ ၂၀ ရာခိုင်နှုန်း၊ တောင်စမုတ်ဆောင်မှာ ၁၀၀ ရာခိုင်နှုန်း၊ တောင်စောင်းတန်းမှာ ၁၀၀ ရာခိုင်နှုန်း၊ ဇေတဝန်စနုဆောင်မှာ ၁၀၀ ရာခိုင်နှုန်း၊ မြောက်စောင်းတန်းမှာ ၅၀ ရာခိုင်နှုန်း၊ မြောက်စမုတ်ဆောင်မှာ ၅၀ ရာခိုင်နှုန်း၊ ပဋ္ဌပါသာဒရွှေနန်းတော်ကြီးမှာ ၅၀ ရာခိုင်နှုန်း၊ ဘိသိက်ဆောင်မှာ ၂၀ ရာခိုင်နှုန်း၊ လက်ယာပွဲတက်ဆောင်မှာ ၂၀ရာခိုင်နှုန်း၊ သီဟာသနဆောင်မှာ ၁၀၀ရာခိုင်နှုန်း၊ လက်ဝဲ ပွဲတက်ဆောင်မှာ ၂၀ရာခိုင်နှုန်း၊ အရှေ့စမုတ်ဆောင်မှာ ၁၀၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

လှေကားကြီး ၁၀ စင်းအနက် နှစ်စင်းဆောက်လုပ်ပြီးဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ နန်းမြင့်မျှော်စင်တည်ဆောက်ရေးစီမံကိန်းနှင့် နန်းမြင့်မျှော်စင်ဟိုတယ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

## ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပုဂံ-ညောင်ဦး၌ ဟိုတယ်ဇုန်လေးခု တည်ရှိပါကြောင်း၊ ဟိုတယ်၊ မိုတယ်၊ အင်း စုစုပေါင်း ၈၀ ရှိပြီး တည်းခိုနိုင်သည့် အခန်းပေါင်း ၁၈၀၂ ခန်းရှိပါကြောင်း၊ ပုဂံသို့ လာရောက်သည့် ပြည်တွင်း၊ ပြည်ပဧည့်သည်များအား ဝန်ဆောင်မှုနှင့် အရည်အသွေးကောင်းမွန်သည့် ဟိုတယ်များဖြစ်စေရန် ဝန်ကြီးဌာနနှင့် ဟိုတယ်လုပ်ငန်းရှင်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

## ဆက်စပ်ရှင်းလင်းတင်ပြ

ပုဂံဒေသသို့ ခရီးသည်များ နှစ်စဉ်တိုးတက်လာရောက်လျက်ရှိရာ ယခုနှစ်နိုဝင်ဘာလအထိ ပြည်ပခရီးသည် ၃၆၆၇၈ဦး၊ ပြည်တွင်းခရီးသည် ၂၅၃၀၇ဦး လာရောက်ခဲ့ပါကြောင်းနှင့် ဝင်ငွေရရှိမှုအခြေအနေများ၊ နန်းမြင့်မျှော်စင်နှင့် နန်းမြင့်မျှော်စင်ဟိုတယ် တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ဆက်စပ်ရှင်းလင်းတင်ပြသည်။

ထို့နောက် Htoo Trading Co., Ltd. ဥက္ကဋ္ဌ ဦးတေဇက ၁၈-၄-၂၀၀၃ရက်တွင် ဗိုလ်ချုပ်မှူးကြီးက နန်းမြင့်မျှော်စင်တည်ဆောက်ရေးအတွက် အတည်ပြုပေးခဲ့ပြီးနောက် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ပါကြောင်း။

## နန်းမြင့်မျှော်စင်

နန်းမြင့်မျှော်စင်၏အမြင့်မှာ ၁၉၈ ပေဖြစ်ပြီး ၅၄ ပေ ကျယ်ဝန်းပါကြောင်း၊ လေဒဏ်နှင့် ငလျင်ဒဏ် ခံနိုင်ရေးအတွက် စနစ်တကျတွက်ချက် တည်ဆောက်ထားပါကြောင်း။

မျှော်စင်တွင် အထပ် ၁၃ ထပ်ရှိပြီး ခေတ်မီအဆင့်မြင့်အမျိုးအစား ဓာတ်လှေကားသုံးစင်းထည့်သွင်း တည်ဆောက်ထားပါကြောင်း၊ နန်းမြင့်မျှော်စင်တွင် Steel Structure တည်ဆောက်ရေးလုပ်ငန်းအားလုံး ပြီးစီးပြီးဖြစ်ပါကြောင်း၊ ယခုအခါ နန်းမြင့်မျှော်စင် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း။

နန်းမြင့်မျှော်စင်တည်ဆောက်ရေး စီမံကိန်းနှင့်အတူ နန်းမြင့်မျှော်စင်ဟိုတယ်စီမံကိန်းကိုလည်း ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နန်းမြင့်မျှော်စင်ဟိုတယ်စီမံကိန်းတွင် တည်းခိုဆောင် ၄၅ လုံး တည်ဆောက်သွားမည်ဖြစ်ပြီး အခန်း ၇၂ ခန်းပါရှိမည်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

## ဟိုတယ်ပုံစံငယ်ကြည့်ရှု

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စီမံကိန်းလုပ်ငန်းများကို အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားပြီး နန်းမြင့်မျှော်စင်နှင့်နန်းမြင့်မျှော်စင်ဟိုတယ် ပုံစံငယ်များကိုကြည့်ရှုသည်။

အဆိုပါ ရှင်းလင်းဆောင်၌ပင် ဧဒင်အုပ်စုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ပုဂံဒေသ၌ အခန်း ၁၅၀ ပါ အဆင့်မြင့်ဟိုတယ် တည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နန်းမြင့်မျှော်စင်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

## ပုဂံရှုခင်းကြည့်ရှု

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် နန်းမြင့်မျှော်စင် ၁၁ထပ်မှ ပုဂံရှုခင်းကို ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နန်းမြင့်မျှော်စင်ဟိုတယ် တည်ဆောက်ရေးစီမံကိန်းအရ တည်ဆောက်ပြီး တည်းခိုဆောင်များနှင့် အခန်းဖွဲ့စည်းထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

နန်းမြင့်မျှော်စင်၌ မြေညီထပ်တွင် Business Centre ခန်းမများနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များပါရှိမည်ဖြစ်သည်။

ပထမထပ်၌ အရောင်းဆိုင်များနှင့် Waiting Lounge များပါရှိကာ ဒုတိယထပ်၌ Coffee Shop၊ Bagan History Video Show Room၊ Seminer Room၊ Conference Room တို့ပါရှိမည်ဖြစ်သည်။

ကိုးထပ်နှင့် ၁၀ထပ်တို့မှာ စားသောက်ခန်းမများဖြစ်ပြီး ၁၁ထပ်မှာ ပုဂံရှုခင်းကို ကြည့်ရှုနိုင်ရန် စီစဉ်ထားသည်။ ၁၃ထပ်မှာ Open Viewing Level ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# တစ်စိတ်တစ်ဝမ်းတည်းသော ပြည်ထောင်စုစိတ်ဓာတ်နဲ့ အမျိုးသားသင့်မြတ်စည်းလုံးရေးကောင်းမွေ

ပြည်ထောင်စုဖွား တိုင်းရင်းသားတွေဟာ ပြည်ထောင်စုအမိမြေကို သစ္စာစောင့်သိပြီး ဒီအမိမြေအပေါ် ကျူးကျော်လိုသူတွေနဲ့ ပျက်စီးရာပျက်စီးကြောင်း ဖန်တီးနေသူတွေရဲ့ အန္တရာယ်မကျရောက်အောင် ကာကွယ်သွားရန်မှာ တိုင်းရင်းသားအားလုံးရဲ့ တာဝန်ပင်ဖြစ်ပါတယ်။ ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထားပြီး တိုင်းချစ်ပြည်ချစ် စိတ်ထားပြည့်ဝစွာ အမျိုးသားရေးအစဉ်အလာနဲ့အညီ အမျိုးသားရေးအကျိုးစီးပွားကို ထာဝစဉ် ကာကွယ်သွားဖို့ ဖြစ်ပါတယ်။ ဒီကနေ့လို မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေး သမိုင်းပေးတာဝန်ကိုလဲ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ ထမ်းဆောင်သွားကြဖို့ ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံဟာ ဗြိတိသျှနယ်ချဲ့သမားတို့ရဲ့ သူ့ကျွန်ဘဝအောက်သို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ပြီးနောက် လွတ်လပ်ရေးပြန်လည်ရရှိခဲ့ပေမယ့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲကာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမီး လောင်ကျွမ်းမှုဒဏ်ကို နှစ်ရှည်ကြာစွာ ခံလာခဲ့ရလို့ ဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သွေးမြေကျ ပဋိပက္ခကြီးမှာ ပြည်သူတွေလဲ မြေစာပင်ဘဝသို့ ကျရောက်ခဲ့ရလို့ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်တာဝန်ကို ၁၉၈၈ခုနှစ်မှစပြီး မလွှဲမရှောင်သာ ထမ်းဆောင်လာခဲ့ရတဲ့ တည်ဆဲတပ်မတော်အစိုးရဟာ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးကြိုးပမ်းလာခဲ့ရပါတယ်။ တစ်ပါတည်းမှာပဲ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းလာခဲ့ရပါတယ်။ အထူးသဖြင့် နယ်စပ်ဒေသနဲ့တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို မနားမနေ ကြိုးပမ်းလာခဲ့ရပါတယ်။ ဒါကြောင့်လဲ အစိုးရအဆက်ဆက်ကို နှစ်ရှည်ကြာစွာ လက်နက်ကိုင်ဆန့်ကျင်လာခဲ့ကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့ဟာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ပြီး လက်တွဲလာခဲ့တယ်။ ဒါဟာ သမိုင်းမှာ အစိုးရအဆက်ဆက်တို့ ဆောင်ရွက်နိုင်စွမ်းမရှိခဲ့တဲ့အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးကိုတပ်မတော်အစိုးရရဲ့ ကြိုးပမ်းစွမ်းဆောင်နိုင်မှုကြောင့် အောင်မြင်စွာရရှိလာခြင်းပဲ ဖြစ်ပါတယ်။ ဒါ့အပြင် တပ်မတော်အစိုးရခေတ်မှာ နိုင်ငံတော် ထူထောင်ရေးလုပ်ငန်းတွေလဲ လွန်စွာပင် ပြောင်းလဲတိုးတက်လာခဲ့ပါတယ်။ တစ်နိုင်ငံလုံး ဘယ်ခေတ်ဘယ်အခါနဲ့မှ မတူအောင် ပြောင်းလဲတိုးတက်လာမှုတွေကို ကိန်းဂဏန်းစာရင်းဇယားများနဲ့ရော ပကတိလက်တွေ့ဘဝမှာပါ တွေ့မြင်နိုင်ပါတယ်။

**ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရာမှာ အခုလို အခြေခံအဆောက်အအုံတွေ ပြောင်းလဲတိုးတက်လာမှသာ အပေါ်ထပ် အဆောက်အအုံဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ ဒီမိုကရေစီရေးတွေလဲ လိုက်ပါ ပြောင်းလဲ တိုးတက်လာမှာ ဖြစ်ပါတယ်။ စီးပွားရေးဘဝ မတိုးတက်တဲ့ လူတစ်ယောက်အနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ အသိပညာရေး၊ လူမှုရေးတွေလဲ ဘယ်လိုမှ တိုးတက်နိုင်မယ်မဟုတ်ပါ။ နိုင်ငံ တစ်ရပ်တွင်လဲ အလားတူပင် ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ အခြေခံထူထောင်ရေး လုပ်ငန်းတွေကို ဘက်စုံကဏ္ဍစုံ ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် မနားမနေ ထူထောင်လာခဲ့ရတာ ဖြစ်ပါတယ်။**

ထင်ရှားတဲ့ အခြေခံပြောင်းလဲတိုးတက်မှုတွေကို ကြည့်မယ်ဆိုရင် လွန်ခဲ့တဲ့ ၁၀နှစ်ကျော်ကာလအတွင်း ဆည်မြောင်းတာတမံအသစ် ၁၆၈ခု၊ မြစ်ရေတင်လုပ်ငန်း ၂၇၁ခု တည်ဆောက်ပေးနိုင်ခဲ့တယ်။ ဆက်လက်ပြီး ဆည်မြောင်းစီမံကိန်း ၃၆ခုနဲ့ မြစ်ရေတင်စီမံကိန်း ၃၄ခုကို အကောင်ထည်ဖော်နေဆဲဖြစ်တယ်။ ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံးမှာ လျှပ်စစ်စွမ်းအား တပ်ဆင်မှုပမာဏဟာ ၇၀၇မဂ္ဂါဝပ်သာရှိခဲ့တယ်။ နိုင်ငံတော်အစိုးရက ဆယ်နှစ်ကျော်ကာလအတွင်းမှာပဲ နောက်ထပ် ၇၆၇မဂ္ဂါဝပ်တိုးမြှင့်တပ်ဆင်ပေးခဲ့ပြီး ဖြစ်တယ်။

၁၉၈၈ ခုနှစ်တုန်းက တစ်နိုင်ငံလုံးမှာ လမ်းမိုင် ၂၁၄၈၃ မိုင်သာ ရှိခဲ့ရာမှ ယခု၂၀၀၄ခုနှစ်မှာ လမ်းမိုင် ၅၆၆၉၅ မိုင်ရှိလာခဲ့ပြီဖြစ်တဲ့အတွက် လမ်းမိုင်၃၅၂၁၂ မိုင် တိုးတက်လာခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေးမှာ အရေးပါတဲ့ ရထားလမ်းအသစ် ၁၁၂၈မိုင် ဖောက်လုပ်နိုင်ခဲ့ပြီး ယခုအခါ ရထားလမ်း၃၉၂၁မိုင်အထိ ရှိနေပြီဖြစ်တယ်။

လေဆိပ်အသစ်၁၂ခုကိုလဲ တိုးချဲ့တည်ဆောက်ခဲ့ပြီး လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းအပါအဝင် လေယာဉ်ကွင်း ၃၃ကွင်းအထိ ရှိလာပြီဖြစ်တယ်။

အခုအခါ အခြေခံပညာကဏ္ဍမှာ နိုင်ငံတစ်ဝန်းလုံး အခြေခံပညာကျောင်းပေါင်း ၄၀၅၀၅ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံသားတိုင်း အခြေခံပညာသင်ယူခွင့်ရရှိရေးကို စီမံကိန်း ချမှတ်ဆောင်ရွက်ပေးနေပါတယ်။ စီမံကိန်းရဲ့ ရလဒ်အဖြစ် ၁၉၈၈ခုနှစ်က မူလတန်းအဆင့် ကျောင်းဝင်နှုန်း ၇၇ရာခိုင်နှုန်းသာ ရှိခဲ့ရာက အခုပညာသင်နှစ်မှာ ကျောင်းဝင်နှုန်း ၉၆ဒသမ၆ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့ပါတယ်။

လူတိုင်းအတွက် ပညာရေးစီမံကိန်းကြောင့် ၁၉၈၈ခုနှစ်က စာတတ်မြောက်နှုန်း ၇၈ရာခိုင်နှုန်းရှိရာကနေ အခု ၂၀၀၄ခုနှစ်မှာ ၉၃ဒသမ၃ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။ ၁၉၈၈ခုနှစ်မှာ အဆင့်မြင့်ပညာ သင်ယူဆည်းပူးသူ တစ်သိန်းသုံးသောင်းကျော်သာ ရှိခဲ့ရာမှ အခု ၂၀၀၄ခုနှစ်မှာ ကိုးသိန်းခန့်အထိ သိသိသာသာ တိုးတက်လာတယ်။ ဘာသာရပ်ပေါင်းစုံ တိုးချဲ့သင်ကြားနိုင်ရေးနဲ့ ဘွဲ့လွန်ပညာမှ ပါရဂူဘွဲ့အထိ သင်ကြားနိုင်ရေးကိုပါ မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့တယ်။

အခုအခါ တစ်နိုင်ငံလုံးမှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၆ခုအထိ ဖွင့်လှစ်ပေးနိုင်ခဲ့တာကြောင့် တပ်မတော်အစိုးရ နိုင်ငံ့တာဝန်လွှဲယူခဲ့တဲ့ ၁၉၈၈ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၂၄ခု တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

၁၉၈၈ခုနှစ်က ဆေးရုံ ၆၃၁ရုံရှိခဲ့ရာမှ ယခုအခါ ဆေးရုံပေါင်း ၈၁၃ရုံအထိ ဖွင့်လှစ်ပေးနိုင်ခဲ့တာကြောင့် ၁၈၂ရုံ တိုးတက်လာပါတယ်။ ဒါဟာ ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မရှိ ကွက်လပ်မကျန်ရေး အခြေခံမှုနဲ့ တည်ဆောက်ပေးလာခဲ့လို့ ဖြစ်လာတာ ဖြစ်ပါတယ်။

**ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရာမှာ အခုလို အခြေခံအဆောက်အအုံတွေ ပြောင်းလဲတိုးတက်လာမှသာ အပေါ်ထပ် အဆောက်အအုံဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ ဒီမိုကရေစီရေးတွေလဲ လိုက်ပါပြောင်းလဲတိုးတက်လာမှာ ဖြစ်ပါတယ်။ စီးပွားရေးဘဝ မတိုးတက်တဲ့ လူတစ်ယောက်အနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ အသိပညာရေး၊ လူမှုရေးတွေလဲ ဘယ်လိုမှ တိုးတက်နိုင်မယ်မဟုတ်ပါ။**

**အောင်မိုးခံ**

**နိုင်ငံတစ်ရပ်တွင်လဲ အလားတူပင် ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ အခြေခံထူထောင်ရေးလုပ်ငန်းတွေကို ဘက်စုံကဏ္ဍစုံ ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် မနားမနေ ထူထောင်လာခဲ့ရတာ ဖြစ်ပါတယ်။**

ဒီနေ့မှာတော့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။ အခြေခံအဆင့်ဖြစ်တဲ့ တာထွက်ကာလရဲ့ အမျိုးသားညီလာခံကြီး ပထမပိုင်းကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ မူဝါဒလမ်းစဉ်(၇)ရပ်စလုံး ပြီးမြောက်အောင်မြင်တဲ့အထိ ဆက်လက် အကောင်အထည်ဖော်သွားမှာပဲဖြစ်ပါတယ်။ တပ်မတော်အစိုးရဟာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို အမျိုးသားသင့်မြတ်စည်းလုံးရေးခံယူချက်နဲ့ အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ အမျိုးသားအင်အားစုအားလုံး ပါဝင်လာရေးကိုလဲ မဆုတ်မနစ် ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးဟာ ပြည်တွင်းအင်အားစုအချင်းချင်းရဲ့ တည်ဆောက်ရေးပြဿနာသာ ဖြစ်ပါတယ်။ ဒီအင်အားစုတွေဟာ ပြည်တွင်းမှာပဲရှိတဲ့အတွက် အကောင်းဆုံးသောနည်းလမ်းတွေနဲ့ သင်ခန်းစာတွေကိုလဲ ပြည်တွင်းမှာပဲရှိပါတယ်။ မိမိတို့ ပြည်တွင်းရေးပြဿနာတွေကို မိမိတို့ဘာသာ မိမိတို့ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေ၊ မိမိတို့ လူ့အဖွဲ့အစည်းရောက်ရှိနေတဲ့ မျက်မှောက်အခြေအနေတွေနဲ့ ပတ်ဝန်းကျင်အခြေအနေတွေကို အခြေခံပြီးမှသာ ဖြေရှင်းလွန်မြောက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့မိမိတို့လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်မှုအရှိဆုံးလမ်းစဉ်ဟာ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်သာဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် တစ်ခုတည်းသော ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေးလမ်းစဉ်လဲ ဖြစ်ပါတယ်။

ဒီဇင်ဘာလ၅ရက် မွန်းလွဲ၁နာရီခွဲက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ဟာ လားရှိုးမြို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမဆောင်မှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)မှ ကိုးကန့်တိုင်းရင်းသား ခေါင်းဆောင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ‘ဝ’တိုင်းရင်းသား ခေါင်းဆောင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)မှ ရှမ်းတိုင်းရင်းသား ခေါင်းဆောင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)မှ ကချင်တိုင်းရင်းသား ခေါင်းဆောင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ (၇)မှ ပလောင် တိုင်းရင်းသားခေါင်းဆောင်များနဲ့ မန်ပန်ပြည်သူ့စစ်၊ မုံးဟင်၊ မုံးဟ ပြည်သူ့စစ်တို့မှ ခေါင်းဆောင်များနဲ့ တစ်ဖွဲ့ချင်းတွေ့ဆုံခဲ့ပါတယ်။ အဲဒီလိုတွေ့ဆုံရာမှာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က–

> **“ဥပဒေဘောင်အတွင်း ရောက်ရှိနေပြီဖြစ်သည့် တိုင်းရင်းသားအဖွဲ့အစည်းများနဲ့ စပ်လျဉ်း၍ မူဝါဒသဘောထား ပြောင်းလဲမှုမရှိဘဲ ယခင်အစဉ်အလာအတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေဘောင် အတွင်းမှ ကူညီပံ့ပိုးပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်ရင်း ပြည်သူများ လိုလားသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက် ပြည့်မြောက်သည်အထိ ခိုင်ခိုင်မြဲမြဲ ဆက်လက် ကြိုးပမ်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ပါမှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း၊ ပြည်သူလူထု၏ ဆန္ဒသဘောထားဖြင့် အတည်ပြုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများ ကျင်းပခြင်း စသည့် ကျန်လုပ်ငန်းအဆင့်များ အောင်မြင်ချောမွေ့မည် ဖြစ်ကြောင်း”**

ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဒီတွေ့ဆုံပွဲမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်ငြိမ်းချမ်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်ကြားရှင်က “မိမိတို့ဒေသအတွင်း မူးယစ်ဆေးဝါးလုံးဝပပျောက်သွားသည်အထိ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနဲ့အညီ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက မိမိတို့အပေါ်ထားရှိသော စေတနာ၊ မေတ္တာများကြောင့် နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ ယခုကဲ့သို့ လာရောက်ရှင်းပြခြင်း၊ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခြင်းအပေါ် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊မိမိတို့အနေဖြင့်လဲ နိုင်ငံတော်အစိုးရနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလက်တွဲပြီး နိုင်ငံတော်က ချမှတ်ထားတဲ့ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း” ရှင်းလင်းတင်ပြသွားပါတယ်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၂) ‘ဝ’ငြိမ်းချမ်းရေးအဖွဲ့မှ ဗဟိုကော်မတီဝင် ဦးပေါ်လိုက်ခမ်းကလဲ “ယခုကဲ့သို့ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်ကြီးများကိုယ်တိုင် လာရောက်ရှင်းလင်း ပြောကြားသဖြင့် ကျေးဇူးတင်ပါကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်သည်အထိ နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရှေ့ဆက်လက်၍လဲ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် စည်းလုံး ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း” ရှင်းလင်းတင်ပြသွားပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃) ရှမ်းငြိမ်းချမ်းရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးလွယ်မောင်းကလဲ “နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုကို လေးစားယုံကြည်ပါကြောင်းနှင့် ကျေးဇူးတင်ပါကြောင်း” ရှင်းလင်းတင်ပြသွားပါတယ်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၅) ကချင်ငြိမ်းချမ်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမထုနော်ကလဲ “နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း” ရှင်းလင်းတင်ပြခဲ့ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇) ပလောင်ငြိမ်းချမ်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအိုက်မုန်းကလဲ“နိုင်ငံတော်၏ အဓိကအကျဆုံး၊ အရေးအကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးအောင်မြင်ပြီးမြောက်သည်အထိ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံတော်အစိုးရနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း”ရှင်းလင်းတင်ပြခဲ့ပါတယ်။

မန်ပန်ပြည်သူ့စစ်မှ ဦးစိုင်းမွန်းနဲ့ မုံးဟင်၊ မုံးဟပြည်သူ့စစ်မှ ဦးလောမားတို့ကလဲ “နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း”ရှင်းလင်းတင်ပြသွားပါတယ်။

**နိုင်ငံတော်အစိုးရဟာ ဥပဒေဘောင်အတွင်းသို့ ရောက်ရှိနေပြီဖြစ်တဲ့ အခြားသော တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များနဲ့လဲ ယခုကဲ့သို့ပင် အပြန်အလှန်နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှုများ ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဥပဒေပြင်ပတွင် ကျန်ရှိနေသော တိုင်းရင်းသားညီအစ်ကိုအဖွဲ့အစည်းများကိုလဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဆက်လက်ကမ်းလှမ်းဆဲ ဖြစ်ပါတယ်။**

ဒါကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း အေးအတူပူအမျှ သေအတူရှင်မကွာ တစ်စိတ်တစ်ဝမ်းတည်းသော ပြည်ထောင်စုစိတ်ဓာတ်နဲ့ သားစဉ်မြေးဆက် လက်ဆင့်ကမ်း ဆက်ခံသွားရမယ့် အမျိုးသားသင့်မြတ်စည်းလုံးရေးကောင်းမွေတွေကို ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၅ ရက်နေ့ည TV ဖန်သားပြင်ပေါ်တွင် မြင်တွေ့လိုက်ရတဲ့ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်များ ချစ်ကြည်နွေးထွေးစွာ တွေ့ဆုံဆွေးနွေးမှုနဲ့ အပြန်အလှန်နားလည်မှုတို့က ထင်ဟပ်ဖော်ပြနေတယ် ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

# မြန်မာ့တိုင်းရင်းဆေးပညာတစ်ခေတ်ဆန်းသစ် တိုင်းရင်းသားပြည်သူများ ပိုမိုစိတ်ဝင်စားလာကြ

**သတင်းဆောင်းပါး – ကျော်ရွှေ၊ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)**

ရန်ကုန် ဒီဇင်ဘာ ၂၂

**မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံကိုက် ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် မြန်မာတိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများကို စုစည်းဖော်ညွှန်းတင်ပြလျက်ရှိသည့် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ သတ္တမမြောက်နေ့သို့ ရောက်ရှိလာပြီဖြစ်သည်။**



**ပဉ္စမအကြိမ် တိုင်း ရင်း ဆေး နှင့် ဆေးပစ္စည်း ပြပွဲတွင်အဝေရာ တိုင်း ရင်း ဆေး ထုတ်လုပ်ရေး မှ ဆေးဝါးများကို ဝယ်ယူအား ပေး သူများဖြင့် စည် ကားလျက်ရှိစဉ်။**
(မြန်မာ့အလင်း)

ခုနစ်ရက်မြောက်နေ့အထိ ပြသခဲ့သော်လည်း ကြည့်ရှုအားပေးသူ ဝယ်ယူသူ၊ လာရောက်လေ့လာသူများဖြင့် အထူးစည်ကားများပြားလျက်ရှိရာ မြန်မာ့တိုင်းရင်းဆေးပညာ၊ မြန်မာ့တိုင်းရင်းဆေး၏ အဆင့်အတန်း၊ ဂုဏ်ဒြပ်နှင့် ယုံကြည်ကိုးစားမှုများ ပိုမိုပေါ်လွင်ထင်ရှားမြင့်မားနေသည်ကို တွေ့မြင်နေရပေသည်။

ယင်းကဲ့သို့ ဖြစ်ပေါ်တိုးတက်မှုများကို သိရှိနိုင်ရန်အတွက် မြန်မာ့အလင်းက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမသို့ သွားရောက်ပြီး ဆေးဝါးထုတ်လုပ်သူများအား ဆက်လက် တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ အဝေရာတိုင်းရင်းဆေး ထုတ်လုပ်ရေးမှ ဆရာမဒေါ်စန်းစန်းနုကို တွေ့ဆုံမေးမြန်းရာ၌ "မိမိတို့ တိုင်းရင်းဆေးပြပွဲကြီးမှာ ပါဝင်ပြသလာတာ ငါးနှစ်ရှိပြီဖြစ်ကြောင်း၊ အရောင်းရ တွင်ကျယ်သောအမောလုံ



**ဝေဒနာရှင်ခံစားနေရသော ရောဂါများကိုပျောက်ကင်းစေလိုသော စေတနာကောင်းဖြင့် လတ်ဆတ်ထက်မြက်သော ဆေးပစ္စည်းများဖြင့် ဖော်စပ်ထား။**
*ဒေါ်စန်းစန်းနု(အဝေရာဆေးတိုက်)*
*ဓာတ်ပုံ–မှတ်တမ်း(မြန်မာ့အလင်း)*

နှလုံးအားတိုးဆေး၊ အဆစ်ရောင်လေးဖက်နာသောက်ဆေး၊သွေးတိုးကျဆေး၊ နှလုံးသွေးသန့်ဆေး၊ သွေးချို ဆီးချိုကျဆေး၊ အသည်းအားတိုးဆေး၊ အစာကြေဆေးများနှင့် အစာကြေအားတိုးဆေး စသည့်ဆေးကိုးမျိုးကို ထုတ်လုပ်လျက်ရှိပါကြောင်း။

ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို ၁၉၈၄ ခုနှစ်ကတည်းက တည်ထောင်ခဲ့ပြီးပုသိမ်မြို့တွင် ဆေးခန်းဖွင့်လှစ်၍ ခေတ်မီဆေးဝါးများကို ထုတ်လျက်ရှိကြောင်း၊ ပုသိမ်မြို့တွင် တိုင်းရင်းသားပြည်သူများကို စေတနာ ရှေ့ထား၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ ချောင်းဆိုးပျောက်ဆေး၊ လေဆေး၊ ဆီဝမ်းအပုပ်ချဆေး၊ အပူငြိမ်း သည်းခြေဆေးအသစ်များကို ထုတ်လုပ်ပြီး မှတ်ပုံတင်ထားဆဲဖြစ်ကြောင်း။

မိမိတို့၏ ဆေးများသည် ဝေဒနာရှင်များစွာကို ကျန်းမာခြင်းသုခပေးစွမ်းနိုင်သည့် ဆေးစွမ်းကောင်းများဖြစ်ကြောင်း၊ ဝေဒနာရှင်ရဟန်းရှင်လူ၊ ကျား၊မ ကြီးငယ်မရွေး ခံစားနေရသောရောဂါများကို ပျောက်ကင်းစေလိုသော စေတနာကောင်းဖြင့် လတ်ဆတ် ထက်မြက်သော ဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသည့်အတွက် ဝေဒနာရှင်များ သုံးစွဲနိုင်သော ပကတိ အစွမ်းထက်သည့် ဆေးများဖြစ်ကြောင်း" ဖြင့် ရှင်းလင်း ပြောကြားသွားသည်။

ယခု တိုင်းရင်းဆေးပြပွဲကြီးတွင် ပါဝင်ပြသခွင့်ရသဖြင့် နိုင်ငံတော်အား အထူးကျေးဇူးတင်ရှိပြီး ဝေဒနာရှင်များ၊ ဝယ်ယူအားပေးသူများနှင့် တိုက်ရိုက်ထိတွေ့ခွင့်ရသဖြင့် များစွာ ဝမ်းမြောက်ကျေနပ်မိကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ရုပ်ပျိုဆေးတိုက်မှ ဆရာဦးဘိုကြီးနှင့် တွေ့ဆုံရာတွင် "ရုပ်ပျိုတိုင်းရင်းဆေးဝါးကို မျိုးရိုးစဉ်ဆက်လက်ဆင့်ကမ်း အမွေအနှစ်အဖြစ်ခံယူကာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်ပေးနိုင်ရန် ကိုယ်တိုင်ကုသပြီး လူနာများအတွက် လိုအပ်မည့်ဆေးဝါးများ ထုတ်လုပ်လျက်ရှိကြောင်း၊ ၁၉၅၉ ခုနှစ်တွင် ဆေးခန်းဖွင့်လှစ်ကုသခဲ့ရာ ဆေးလိုက်ပြီး အောင်မြင်မှုရရှိလာ၍ ဆေးခန်းအတွေ့အကြုံအရ ဝေဒနာအဖြစ်များပြီး အသုံးတွင်မည့် ရုပ်ပျိုသွေးတိုးရောဂါဆေးပြား၊ ရုပ်ပျိုအစာအိမ်ရောဂါဆေးပြား၊ ရုပ်ပျိုအာရုံကြောအားတိုးဆေး၊ ရုပ်ပျိုချောင်းဆိုးရောဂါဆေးပြား၊ ရုပ်ပျိုရွှေနီဖလံသွေးဆေးကြီး၊ ရုပ်ပျို နှလုံးဆေးတောင့်စသည့် ဆေးစွမ်းကောင်းများကို ၁၉၉၃ ခုနှစ်မှစတင်ပြီး ထုတ်လုပ်ခဲ့ကြောင်း၊ ဆေးဝါးထုတ်လုပ်မှုအပိုင်းတွင် အရှိန်ရလာသည်နှင့်အမျှ ခေတ်မီစက်ကိရိယာများဖြင့် ဆေးဝါးထုပ်ပိုးမှုစနစ် ပြောင်းလဲတိုးတက်လာ



**ပြည်သူ့ကျန်းမာရေး စောင့်ရှောက်ပေးနိုင်ရန် ကိုယ်တိုင်ကုသပြီး လူနာများအတွက် လိုအပ်မည့် ဆေးဝါးများ ထုတ်လုပ်လျက်ရှိ။**
*ဦးဘိုကြီး (ရုပ်ပျိုဆေးတိုက်)*
*ဓာတ်ပုံ–မှတ်တမ်း(မြန်မာ့အလင်း)*

သည်ကို မျက်ဝါးထင်ထင် တွေ့နေမြင်နေရပြီဖြစ်ကြောင်း၊ နောင်လာမည့်နှစ်များတွင် အရှိန်ရလာပြီဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးကို နိုင်ငံတကာသို့ ဖြန့်ဖြူးနိုင်ရန်အတွက် ထုတ်လုပ်မှုနည်းစနစ်များနှင့် ဆေးဝါး စံချိန်စံညွှန်းများကို နိုင်ငံတကာအဆင့်မီဖြစ်လာအောင် ဆက်လက်ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း" ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

မြန်မာ့တိုင်းရင်းဆေးပညာကို အစဉ်တစိုက် မှီခိုအားထားလာခဲ့ကြသည့် ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရန်အတွက် ယခုအခါ တိုင်းရင်းဆေးပညာ၏ စွမ်းပကားဖြင့် ပါဝင်ကြိုးပမ်းစွမ်းဆောင်လျက်ရှိသည်။

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် မျိုးရိုးစဉ်ဆက်လုပ်ကိုင်လာခဲ့သည့်သုခသီတာဆေးတိုက်မှ ဆရာမ ဒေါ်ဖြူဖြူအေးအောင်နှင့် တွေ့ဆုံမေးမြန်းရာ "မိမိတို့ ဆေးတိုက်မှ ဆေးဝါး ရှစ်မျိုးအနက် မဟာဝန်သွေးဆေး၊ မဟာဝန်ချောင်းဆိုးပျောက်ဆေး၊ သုခသီတာင်န်းနီကျော်ဆေး၊ သုခသီတာလေနိုင်ဝမ်းနုတ် သက်စောင့်ဆေးနက်လုံးတို့ကို အဓိကထား ထုတ်လုပ်လျက်ရှိကြောင်း၊ ၁၉၆၀ ပြည့်နှစ်မှစပြီး တိုင်းရင်းဆေးဝါးထုတ်လုပ်မှုကို အဆင့်ဆင့် ပြောင်းလဲဆောင်ရွက်ခဲ့ရာ ယခုအခါမှာ ထုပ်ပိုးမှုနည်းစနစ်များနှင့်အတူ ဆေးဝါးအာနိသင် အရည်အသွေးများလည်း ပိုမိုထိရောက်လာသဖြင့် ပြည်သူများက အစွမ်းထက်သည့် ဆေးတစ်လက်အဖြစ် လက်ခံလာကြကြောင်း၊ ငါးနှစ်တိုင်တိုင် တိုင်းရင်းဆေးပြပွဲကြီးတွင် ပါဝင်ပြသလာခဲ့ရာမှ ဤပြပွဲ၏ အကျိုးရလဒ်အဖြစ် ကျွန်မတို့ တိုင်းရင်းဆေးများကို သုံးစွဲသူများလာ၍ ဈေးကွက်ကျယ်ပြန့်လာသလို စေတနာထားဆောင်ရွက်လာသဖြင့် အောင်မြင်မှုများ ရရှိလာသည်ကိုတွေ့ရကြောင်း၊ ထို့ပြင် ပြပွဲဖြစ်မြောက်ရေးအတွက် အဓိကကူညီပံ့ပိုးအားပေးသည့် နိုင်ငံတော်ကို အထူးပင်ကျေးဇူးတင်လျက်ရှိကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာ့တိုင်းရင်းဆေးပညာ တစ်ခေတ်ဆန်းသစ် ထွန်းတောက်ပြီး အောင်မြင်မှု အကျိုးရလဒ်ကောင်းများ တိုးပွားဖြစ်ထွန်းနေသည့် အချိန်တွင် ရှိရင်းစွဲစွမ်းရည်သတ္တိနှင့် ဂုဏ်ရည်များ မယိုယွင်း၊ မပျောက်ပျက်စေရအောင် နိုင်ငံတကာက လက်ခံသည့် ဆေးပညာရပ်တစ်ခုအဖြစ် ဖြစ်ထွန်းလာစေအောင် တိုင်းရင်းဆေးထုတ်လုပ်သူများ ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ပေသည်။ ။

**(မြန်မာ့အလင်း)**



**ဆေးဝါးအာနိသင် အရည်အသွေးများလည်း ပိုမို ထိရောက်လာသဖြင့် ပြည်သူများက အစွမ်းထက်သည့် ဆေးတစ်လက်အဖြစ် လက်ခံလာကြ။**
*ဒေါ်ဖြူဖြူအေးအောင်(သုခသီတာ)*
*ဓာတ်ပုံ–မှတ်တမ်း(မြန်မာ့အလင်း)*



**ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲတွင် စိန်ဘယက် တိုင်းရင်းဆေးဝါးလုပ်ငန်းမှ တိုင်းရင်းဆေးအမျိုးမျိုး ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိစဉ်။** (က–ပ)

# ကမ္ဘာတစ်လွှားအားကစား

## ၂၀၀၆ ကမ္ဘာ့ဖလားအိမ်ရှင်ဂျာမနီ အာရှတွင် ခြေစမ်းပွဲများကစား

**ဗန်ကောက် ဒီဇင်ဘာ ၂၂**

၂၀၀၆ ကမ္ဘာ့ဖလား အိမ်ရှင်ကျင်းပမည့် ဂျာမနီအသင်းသည် အာရှသို့ ကိုးရက်ကြာ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရန် ထွက်ခွာခဲ့သည်။

ဂျာမနီအသင်းနှင့် ထိုင်းအသင်းတို့ အင်္ဂါနေ့က ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဂျာမနီအသင်းက ထိုင်းအသင်းကို ငါးဂိုး–တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ဂျာမနီအသင်းနှင့်ဂျပန်အသင်းတို့သည် ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် ဂျာမနီအသင်းကပင် သုံးဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

သို့ရာတွင် ဂျာမနီအသင်းသည် တောင်ကိုရီးယားအသင်းနှင့် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့ရာ၌ သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ဂျာမနီအသင်း၏ ရှုံးပွဲမရှိစံချိန်သည် တောင်ကိုရီးယားနိုင်ငံ ဘူဆန်အားကစားကွင်းကြီး၌ ချုပ်ငြိမ်းအဆုံးသတ်သွားခဲ့ရသည်။

ကမ္ဘာ့ဖလားသုံးကြိမ်ရ ဂျာမနီအသင်းသည် ကလင်းစမန်းက ဇူလိုင်လတွင် ရူဒီဖောင်လာထံမှ အသင်းကိုလွှဲပြောင်းရယူပြီးနောက် ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

## ကမ္ဘာ့အကောင်းဆုံးတင်းနစ်ဆု ရိုဂျာဖက်ဒါးရားဆွတ်ခူးရရှိ

**ဂျီနီဗာ ဒီဇင်ဘာ ၂၂**

နိုင်ငံတကာတင်းနစ်အဖွဲ့ချုပ်ကဆွစ်ဇာလန်နိုင်ငံသား ဖက်ဒါးရားအား ၂၀၀၄ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး တင်းနစ်အားကစားသမားဆုကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

ဆွစ်ဇာလန်နိုင်ငံသား တင်းနစ်အားကစားသမား ဖက်ဒါးရားသည် ဝင်ဘလေဒန်ချန်ပီယံဆု၊ ဩစတြေးလျအိုးပင်းနစ်ပြိုင်ပွဲဆု၊ အမေရိကန်အိုးပင်းတင်းနစ်ဆုနှင့် မာစတာဖလားဆုများအပါအဝင်ဆု ၁၁ ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ယခုနှစ်အတွက် အမျိုးသမီး တင်းနစ်အားကစားသမားဖြစ်သည့် ပြင်သစ်မှ မိုင်ရီးနားသည်လည်း ဖက်ဒါးရားကဲ့သို့ ထူးချွန်သည့် အားကစားသမားဖြစ်ခဲ့သည့်အတွက် နိုင်ငံတကာတင်းနစ်အဖွဲ့ချုပ်(အိုင်တီအက်ဖ်)က အကောင်းဆုံးတင်းနစ်အားကစားသမားဆုကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သူမသည် ဂရင်းစလင်းပြိုင်ပွဲများ၊ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲများတွင် အနိုင်ရရှိခဲ့သူဖြစ်သည်။

ရိုဂျာဖက်ဒါးရားသည် ၂၀၀၄ ခုနှစ်တွင် အကောင်းဆုံးကစားနိုင်ခဲ့၍ အကောင်းဆုံးဆုကို ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း အိုင်တီအက်ဖ် ဥက္ကဋ္ဌ ဖရန်ဆက်ကိုရစ်စ်ဘစ်တီက ပြောကြားသည်။

မိမိတို့သည် ၂၀၀၄ အိုင်တီအက်ဖ်ချန်ပီယံများကို ဂုဏ်ယူမိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါ အိုင်တီအက်ဖ် ချန်ပီယံဆုကို ၂၀၀၃ ခုနှစ်က အမျိုးသားတင်းနစ်ကစားသမားရော့ဒစ်၊ အမျိုးသမီးတင်းနစ်ကစားသမား ဟာဒန်နီတို့က ဆွတ်ခူးခဲ့သည်။ **(အင်တာနက်)**



**ကမ္ဘာ့အကောင်းဆုံး တင်းနစ်အားကစားသမားဆုရှင် ရိုဂျာဖက်ဒါးရားအား ဆုဖလားနှင့်အတူ တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

## ကမ္ဘာ့အကောင်းဆုံးဆုရှင် ချယ်လ်ဆီးသို့ပြောင်းရွှေ့ဖွယ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၂၂**

ဘရာဇီးဘောလုံးစူပါစတား ရော်နယ်ဒင်ဟိုသည် ချယ်လ်ဆီးသို့ အနာဂတ်တွင် ပြောင်းရွှေ့လိုကြောင်း၊ အင်္ဂလန်တွင်ကစားရန် ရည်ရွယ်ချက်ရှိကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်ဟု သိရသည်။

အသက်(၂၄)နှစ်အရွယ်ရှိ အဆိုပါ ဘောလုံးသမားသည် ဘာစီလိုနာအသင်းတွင် ကစားလျက်ရှိပြီး လာလီဂါ၌ ထိပ်ဆုံးမှ ရပ်တည်နိုင်အောင် အများဆုံး စွမ်းဆောင်ကစားခဲ့သည်။ ၎င်းအား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ၂၀၀၄ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ပေးအပ်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ရန်ကုန်မြို့တော်ကြီး သန့်ရှင်းလှပစေရေးနှင့် အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ ငွေအင်အား၊ လူအင်အား၊ စက်ယန္တရားအားများဖြင့် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၂

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော် သန့်ရှင်းသပ်ရပ်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ၊ လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြင့်တင် ခင်းကျင်းနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

**ရှင်းလင်းပြသ**

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးနှင့် လှိုင်မြစ်လမ်း လမ်းဆုံသို့ ရောက်ရှိလာပြီး ဘုရင့်နောင်လမ်းမကြီးတစ်လျှောက် စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းနေမှုအခြေအနေကို လည်းကောင်း၊ ဘုရင့်နောင်လမ်းမကြီးနှင့် လှိုင်မြစ်လမ်း လမ်းဆုံအနီး လမ်းဘေး ရေနုတ်မြောင်း ရေစီးရေလာ ကောင်းမွန်စေရေး အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းနှင့် ကမ်းနားလမ်းအကြားရှိ ဗားကရာလမ်းပိုင်းအား စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကို လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ လမ်းဖြတ်ရေမြောင်း ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့်နုန်းများ ရှင်းလင်းဆောင်ရွက်နေမှု၊ ၄၉လမ်းမှလမ်း၅၀အထိ လမ်းဘေးလူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားခင်းကျင်းနေမှု၊ ဗိုလ်မြတ်ထွန်းလမ်းမှ လမ်း ၅၀ အထိ လူသွားစင်္ကြံဘေးရှိ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းနေမှုများကို လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေးစီမံကိန်း၌ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ အလုံမြို့နယ် ကမ်းနားလမ်းအား ပြည်ပမှမှာယူရောက်ရှိလာသည့် ကတ္တရာခင်းစက်နှင့် လမ်းကြိတ်စက်အသစ်ကြီးများဖြင့် စတင်စမ်းသပ်အသုံးပြု ခင်းကျင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း၊တံတား) ဌာနမှူးဦးဗိုလ်ဌေးနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**ပံ့ပိုးဖြည့်ဆည်းပေး**

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ ခေတ်မီမြို့ပြအင်္ဂါရပ်များနှင့် လျော်ညီစွာ ဖြစ်ထွန်းလာစေရေးအတွက် မြို့တော်ကြီးသန့်ရှင်းသပ်ရပ်လှပစေရေးနှင့် အဆင့်မြင့်တင် တည်ဆောက်ရေးလုပ်ငန်းများကို ငွေအင်အား၊ လူအင်အား၊ စက်ယန္တရားများဖြင့် အင်ပြည့်အားပြည့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုအပိုင်းကလည်း မိမိတက်စွမ်းသည့်ကဏ္ဍမှ တစ်တပ်တစ်အား ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားပြီး တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မဟာစည်တရားစခန်းပွဲနှင့် ဩဝါဒခံယူပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် ဗမ္မာအေးကျောင်းတိုက် သဒ္ဓမ္မဝံသ မဟာစည်သာသနာ့ရိပ်သာတွင် လစဉ်ကျင်းပမြဲဖြစ်သော (၁၆၇)ကြိမ်မြောက် ၁၀ရက် တရားစခန်းပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်၍ ဒီဇင်ဘာ ၂၅ ရက်အရောက်လာရန်နှင့် (၁၈)ကြိမ်မြောက် ဩဝါဒခံယူပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည် ဖြစ်သည်။ တရားပွဲများအဖြစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဆရာတော် ဘဒ္ဒန္တ ဇဋိလ၊ ၂၈ ရက်တွင် (ကျောက်ပန်းတောင်း) ဆရာ တော် ဘဒ္ဒန္တ ကုမာရ၊ ၂၉ ရက်တွင် ပဲခွယ်ကုန်းဆရာတော် ဘဒ္ဒန္တ စန္ဒာဝရ၊ ၃၀ ရက်တွင် မုဒုံဆရာတော် ဘဒ္ဒန္တ ကုသလနန္ဒ၊ ၃၁ ရက်တွင် တွံတေး ဆရာတော် ဘဒ္ဒန္တ ဣန္ဒက တို့က ညစဉ် ၇ နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး ဩဝါဒခံယူပူဇော်ပွဲနှင့် ဓမ္မပူဇာလှူဒါန်းလိုသူများ ရိပ်သာဖုန်း- ၆၉၀၆၀၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



ဒီဇင်ဘာ ၁၂ ရက်က လှိုင်သာယာမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသိပညာပေး ဟောပြောပွဲကို အမှတ် (၁၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်စိုး ဟောပြောစဉ်။ (၁၈၀)

**ဒီဇင်ဘာ ၂၀ ရက်က မရမ်းကုန်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၇)ခန်းမတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီက အမက (၁၇) ကျောင်းအုပ်ဆရာကြီး ဦးမြသန်းသို့ စာအုပ်များပေးအပ်လှူဒါန်းစဉ်။** (က-ပ)



# ရေတာရှည် အထက အာစရိယ ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရေတာရှည် အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်း ကျောင်းသား၊ ကျောင်းသူများက (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရေတာရှည် အထကခန်းမ၌ ကျင်းပမည်ဖြစ်၍ အငြိမ်းစားဆရာ ကြီး၊ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နိုးဆော်ထားသည်။

အာစရိယပူဇော်ပွဲသို့ ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်)က ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၈ရက်(စနေနေ့)တွင် သွားရောက်မည်ဖြစ်ရာ လိုက်ပါလိုသူများ၊ လှူဒါန်းလိုသူများသည် ဦးမောင်မောင်ကြည် ဖုန်း-၀၁-၅၄၆၀၁၁၊ ဗိုလ်မှူးကြည်မြင့် ဖုန်း-၀၁-၃၈၁၂၄၂ နှင့် ဦးတင့် ဖုန်း-၀၁-၅၇၈၇၆၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

(၂၅)ကြိမ်မြောက်မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံတွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်း(FDI)တို့၏ ဆဋ္ဌမအကြိမ် ပူးတွဲအစည်းအဝေးကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ယင်းညီလာခံတွင် ပညာရပ်ဆိုင်ရာစာတမ်းများ ဖတ်ကြားတင်သွင်းခြင်း၊ ခေတ်မီသွားဘက်ဆိုင်ရာ ကုသနည်းများနှင့်ပတ်သက်သည့် ပညာရပ်ဆိုင်ရာဟောပြောပွဲများ၊ သွားဘက်ဆိုင်ရာဆေးနှင့် ပစ္စည်းကိရိယာပြခန်းများ၊ မိတ်ဆုံအားကစားပြိုင်ပွဲများနှင့် သက်ကြီးပူဇော်ပွဲများ ပါဝင်မည်ဖြစ်သည်။

ညီလာခံတက်ရောက်မည့် သွားဘက်ဆိုင်ရာ ဆရာဝန်များသည် ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကုန်သည်ကြီးများဟိုတယ်ညီလာခံ မှတ်ပုံတင်ရုံးခန်း၌ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ မှတ်ပုံတင်နိုင်ကြသည်။ ဆေးပြခန်းများတွင် ပါဝင်ပြသလိုသော ကုမ္ပဏီများနှင့်ကြော်ငြာထည့်သွင်းလိုသော ကုမ္ပဏီများသည် ဖုန်း-၅၇၁၇၂၃ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှင်သာမဏေဓမ္မဗိမာန် ပဋ္ဌာန်းသင်တန်း

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ပဋ္ဌာန်းဥဒ္ဒေသပါဠိတော်နှင့်နိဒ္ဒေသပါဠိတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ အဓိပ္ပာယ်နှင့် သဘောအကျဉ်းတို့ကို သင်္ဂြိုဟ်ကျမ်းပစ္စည်းပိုင်းလာ ပဋ္ဌာန်းနည်းနှင့် ယှဉ်တွဲလျက် လေ့လာနည်းသင်တန်းကို ဗဟန်းမြို့နယ် အာဇာနည်လမ်း (ရွှေတိဂုံစေတီတော်အရှေ့ဘက်) ရှင်သာမဏေဓမ္မဗိမာန်တွင် ဇန်နဝါရီ၁ရက်မှစ၍ စနေနှင့် တနင်္ဂနွေနေ့တိုင်း နံနက်၈နာရီမှ ၁၀နာရီအထိ ဦးတင်ဝင်းက သင်ကြားပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။ **(က-ပ)**

# တရားတော်များ ဟောကြားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဒီဇင်ဘာ ၂၃ ရက်တွင် မုံရွာဆုတောင်းပြည့် ဘုရားရင်ပြင်ဓမ္မာရုံ၊ ၂၄ ရက်တွင် အလုံသိပ္ပံဈေး ဆင်မင်းရပ်ကွက်ဓမ္မာရုံ၊ ၂၅ ရက် နံနက်တွင် အရှင်မြတ်အား ၃၇ ကြိမ်သိက္ခာထပ်ပွဲ ညတွင် သာကေတ (၃) မာန်ပြေ မာရဝိဇယဓမ္မာရုံ၊ ၂၆ ရက် နံနက်တွင် အမေ့အတွက် ရတနာလက်ဆောင်လှူဒါန်းပွဲ၊ ညတွင် သာကေတ (၃) မာန်ပြေ မာရဝိဇယဓမ္မာရုံ၊ ၂၇ ရက်တွင် မရမ်းကုန်း ရေကူးမြို့မကျောင်းတိုက်၊ ၂၈ ရက်နှင့် ၂၉ ရက်တွင် သထုံ ကျိုက်ကော်ရွာ မလွန်ပွဲ၊ ၃၀ ရက်နှင့် ၃၁ ရက်တွင် သထုံသိမ်ဆိပ်ရွာ မလွန်ပွဲ၊ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက် ညပိုင်းတွင် မရမ်းကုန်း(၁)ရပ်ကွက် အောင်သစ္စာလမ်း အနောက် အောင်မေတ္တာလမ်း မဟာဒုက်တရားပွဲ၊ ၂ ရက် နံနက်တွင် အရှင်မြတ်အား (၃၈)ကြိမ် သိက္ခာထပ်ပွဲ၊ ၃ရက်တွင် အင်းစိန်ပေါက်တောဝဆွမ်းပွဲ၊ ၅ရက်တွင် မင်္ဂလာဒုံ(၃/ခ)ရပ်ကွက် ပဲခူးမင်္ဂလာစာသင်တိုက်၊ ၈ရက်တွင် မြောက်ဥက္ကလာပ(၂)ရပ်ကွက် အောင်ဓမ္မာရုံကြီး ပဋ္ဌာန်းပွဲ၊ ၁၀ရက်နှင့် ၁၁ရက်တွင် သာကေတ (၃) မာန်ပြေ မာရဝိဇယဓမ္မာရုံတို့၌ တရားတော်များ ဟောကြားတော်မူမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ညောင်ကျိုးအထက အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ညောင်ကျိုးအထက၏နှစ်(၅၀)ပြည့် ရွှေရတုပွဲကို ဒီဇင်ဘာ၂၅ရက်(စနေနေ့) နံနက်၇နာရီတွင်လည်းကောင်း၊ သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၆ရက်(တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် လည်းကောင်း ညောင်ကျိုးအထက ဝေ့ခန်းမတွင်စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ရွှေရတုပွဲနှင့် အာစရိယပူဇော်ပွဲသို့ အပူဇော်ခံဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးအေးကျော် ဖုန်း-၆၈၂၆၃၂၊ ၂၉၆၈၈၃၊ ဦးကျော်စိန် ဖုန်း-၅၇၇၆၁၂ နှင့် ဒေါ်ယဉ်ငွေ ဖုန်း-၅၅၈၃၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**ဒီဇင်ဘာ ၁၉ရက်က ဗဟန်းမြို့နယ် အလက (၂) မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးပွဲတွင် ပထမတန်းမှ ပထမဆုရ မောင်မင်းရဲရာဇာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဝင်းက ဆုချီးမြှင့်စဉ်။** (က-ပ)



**ဒီဇင်ဘာ ၁၅ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပုဇွန်တောင်မြို့နယ် အမှတ်(၂၁၂)၇၅တန်ဆန်စက်တွင် ကျင်းပရာ စက်ရုံမှူး ဦးကျင်ဌေးနှင့်ဝန်ထမ်းများ၊ မြို့နယ်ရုံးဝန်ထမ်းများအား တာမွေမြို့နယ် မီးသတ်ဦးစီးအရာရှိ ရဲသူရိန်သိန်းမြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဟောပြောပြသစဉ်။** (က-ပ)

# ၂၀၀၄ ခုနှစ် မြန်မာ့အာဆီယံမယ်ဆု အိရှုပါဝင်း ဆွတ်ခူး အာဆီယံမယ်ပြိုင်ပွဲ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်

**သတင်းဆောင်းပါး – ကိုထွေး၊ ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)**

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ဒီဇင်ဘာ ၂၁ ရက် ဆောင်းညချမ်း ---။နေရာက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ။ ရောင်စုံမီးပွင့်များနှင့်အပြိုင် စင်မြင့်ထက်၌ မြန်မာအမျိုးငယ် ၂၄ ဦးတို့၏ အရောင်အသွေးစုံသော အလှအပတို့က ပရိသတ်များကို ဖမ်းစားထားသည်။ စင်မြင့်၏ ရှေ့ဆုံး၌ ၂၀၀၄ခုနှစ် မြန်မာ့အာဆီယံမယ်(Miss ASEAN Culture Myanmar 2004)ကို ရွေးချယ်ပေးကြမည့် ဂုဏ်သရေရှိ ဒိုင်လူကြီးများရှိနေကြသည်။

ညနေ ၆ နာရီတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ Miss ASEAN Culture Myanmar 2004 Contestကို အခမ်းအနားမှူး အဖြစ် ဒေါ်တင်မိုးလွင်နှင့် ဦးဟိန်းစကြာတို့က ဆောင်ရွက်သည်။

**ပဏာမ ၂၄ ဦး**

မြန်မာ့အာဆီယံမယ်ပြိုင်ပွဲ၏ ထူးခြားချက်မှာ ကာယ



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ဇနီး ဒေါ်မာလာတင့်က တတိယဆု ဆွတ်ခူးသွားသော မေပွင့်လှိုင်အား ဆုချီးမြှင့်စဉ်။
*ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)*

အလှမယ်ပြိုင်ပွဲများနှင့်မတူပေ။ ကိုယ်ကာယနှင့် ရုပ်ရည်ချောမောလှပမှုရှိခြင်း တစ်ခုတည်းကိုသာမကြည့်ဘဲ ဉာဏ်ပညာထက်မြက်မှုနှင့် ကိုယ်ရည်ကိုယ်သွေးကိုပါ စမ်းသပ်အကဲဖြတ်မှု ပါဝင်သည်။ အလှမယ် ၂၄ ဦးတို့သည် တစ်ဦးချင်းစီ ကိုယ်ရေးအချက်အလက်အချို့ကို အင်္ဂလိပ်စကားဖြင့် မိတ်ဆက်ကြရပြီး ဂီတတီးလုံးနှင့်အတူ လမ်းလျှောက်၍ ကိုယ်ဟန်ပြကြရသည်။

ပဏာမ ၂၄ ဦးကို လျှောက်လွှာ ၆၇၀ လက်ခံရရှိသည့်အနက်မှ ရွေးချယ်ထားခြင်းဖြစ်သည်။ နိုဝင်ဘာ ၃ ရက်တွင် လျှောက်လွှာရှင် ၆၇၀ အနက်မှ ၁၀၇ ဦးကို စာရင်းဖြတ်ပြီး နိုဝင်ဘာ ၅ ရက်တွင် ပဏာမ ၂၄ ဦးကို ထပ်မံစိစစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ပဏာမ ၂၄ ဦးကို စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲဝင် ၂၄ဦးတို့သည်မြန်မာ့ရိုးရာဝတ်စုံ၊ ခေတ်ပေါ်ဝတ်စုံများဖြင့် ကိုယ်ဟန်ပြသကြပြီးနောက် တစ်ဦးချင်းစီ ကျရာမေးခွန်းကို ဖြေကြားကြရသည်။ အခမ်းအနားမှူး ဒေါ်တင်မိုးလွင်က အင်္ဂလိပ်ဘာသာစကားဖြင့် မေးမြန်းပြီး အလှမယ်များကလည်း အင်္ဂလိပ်ဘာသာစကားဖြင့်သာ ဖြေကြရသည်။ မေးခွန်းများကို လက်တန်းဖြေကြားရခြင်း ဖြစ်ရာ အလှမယ်တစ်ဦးချင်းစီ၏ ဉာဏ်ရည်ဉာဏ်သွေးကို အကဲဖြတ်ခွင့်ရသည်။

**၁၀ဦး စာရင်းဖြတ်**

ဆန်ခါတင် ၁၀ဦးစာရင်းဖြတ်ရာတွင် ပြိုင်ပွဲဝင်နံပါတ်(၄) မေပွင့်လှိုင်၊ ပြိုင်ပွဲဝင် နံပါတ်(၆) နှင်းထက်ထက်အောင်၊ ပြိုင်ပွဲဝင်နံပါတ်(၈) ပွင့်လျှာမိုးလေး၊ ပြိုင်ပွဲဝင်နံပါတ်(၁၃) မေနန်းဦး၊ ပြိုင်ပွဲဝင် နံပါတ်(၁၄) မေဇာသွင်၊ ပြိုင်ပွဲဝင် နံပါတ်(၁၇) သက်စုထွေး၊ ပြိုင်ပွဲဝင်နံပါတ်(၁၈) ဝတ်ရည်လှိုင်၊ ပြိုင်ပွဲဝင်နံပါတ်(၁၉) အိရှုပါဝင်း၊ ပြိုင်ပွဲဝင်နံပါတ်(၂၁) ယုယုနိုင်နှင့် ပြိုင်ပွဲဝင်နံပါတ်(၂၄) နှင်းပွင့်ဖြူတို့ ပါဝင်လာကြသည်။

ဆန်ခါတင်၁၀ဦးတို့က တစ်ဦးချင်းစီ ကိုယ်ဟန်ပြသကြပြီးနောက် ဉာဏ်စမ်းမေးခွန်း(Talents Test)ကို ဖြေကြရသည်။ အာဆီယံ ၁၀နိုင်ငံအနက် မိမိတို့မဲကျသည့် နိုင်ငံနှင့်ပတ်သက်၍ ဗဟုသုတမေးခွန်းသုံးခုကို ဖြေကြားရခြင်းဖြစ်သည်။

**ငါးဦးစာရင်းဖြတ်**

ဆန်ခါတင် ငါးဦးစာရင်းတွင် ပြိုင်ပွဲဝင်နံပါတ်(၁၉) အိရှုပါဝင်း၊ ပြိုင်ပွဲဝင်နံပါတ်(၈) ပွင့်လျှာမိုးလေး၊ ပြိုင်ပွဲဝင် နံပါတ်(၄) မေပွင့်လှိုင်၊ ပြိုင်ပွဲဝင်နံပါတ်(၁၈) ဝတ်ရည်လှိုင်နှင့် ပြိုင်ပွဲဝင် နံပါတ်(၁၃) မေနန်းဦးတို့ ပါဝင်လာကြသည်။

ဆန်ခါတင် ငါးဦး၏ ပြိုင်ဆိုင်မှုက ပို၍ မြင့်မားလာသည်။ အဆိုပါ ငါးဦးထဲမှ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူ သုံးဦးကို ရွေးချယ်မည်ဖြစ်ရာ ပရိသတ်များ ရင်ခုန်စွာ စောင့်စားကြည့်ရှုရသော အချိန်လည်းဖြစ်သည်။ ဆန်ခါတင်ငါးဦးကို တူညီသော မေးခွန်းဖြင့် တစ်ဦးချင်းစီအား မေးမြန်းပြီး အနုပညာအရည်အသွေး စမ်းသပ်မှုပြုလုပ်သည်။အနုပညာအရည်အသွေး စမ်းသပ်ရာတွင် အိုးစည်၊ စန္ဒရားနှင့် ဝါးပတ္တလားတို့အနက် မိမိကျွမ်းကျင်ရာတစ်မျိုးဖြင့် တီးခတ်ပြရခြင်းဖြစ်သည်။



Miss ASEAN Culture Myanmar 2004 ပြိုင်ပွဲတွင် (ဝဲမှယာ) ဒုတိယ မေနန်းဦး၊ ပထမ အိရှုပါဝင်းနှင့် တတိယ မေပွင့်လှိုင်တို့အား ဆုယူအပြီး တွေ့ရစဉ်။ *ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)*



Miss ASEAN Culture Myanmar 2004 ပထမဆုရ အိရှုပါဝင်းအား ရွှေစင်ရုပ်တုနှင့် အတူ ဤသို့တွေ့ရသည်။
*ဓာတ်ပုံမှတ်တမ်း– တင်စိုး(မြန်မာ့အလင်း)*



ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က ၂၀၀၄ ခုနှစ် မြန်မာ့အာဆီယံမယ် အိရှုပါဝင်းအား ဆုချီးမြှင့်စဉ်။
*ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)*

**ဆုပေးအပ်ချီးမြှင့်**

ဆန်ခါတင် သုံးဦးစာရင်းကို ထုတ်ပြန်ကြေညာရာ ပြိုင်ပွဲဝင်နံပါတ် (၁၈)ဝတ်ရည်လှိုင်နှင့် ပြိုင်ပွဲဝင်နံပါတ် (၈) ပွင့်လျှာမိုးလေးတို့ မျှော်လင့်ချက် ကုန်သွားကြသည်။ ကျန်သုံးဦးမှာ မြန်မာ့အာဆီယံမယ်အတွက် အထူးရင်ခုန်နေကြရသည်။

ပြိုင်ပွဲဝင် နံပါတ်(၄) မေပွင့်လှိုင်က တတိယဆု ရရှိသွားရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ ဇနီး ဒေါ်မာလာတင့်က ငွေကျပ် ၁၀သိန်း၊ စလွယ်နှင့် ဆုတံဆိပ် ပေးအပ်ချီးမြှင့်သည်။ ပြိုင်ပွဲဝင်နံပါတ် (၁၃) မေနန်းဦးက ဒုတိယဆုရရှိသွားရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၏ ဇနီး ဒေါ်ခင်နှင်းဝေက ငွေကျပ် သိန်း ၂၀၊ စလွယ်နှင့် ဆုတံဆိပ် ပေးအပ်ချီးမြှင့်သည်။

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က ၂၀၀၄ ခုနှစ် မြန်မာ့အာဆီယံမယ်ဆုရရှိသွားသော ပြိုင်ပွဲဝင်နံပါတ်(၁၉)အိရှုပါဝင်းအား ငွေကျပ် သိန်း ၃၀ ၊ စလွယ်နှင့် ဆုတံဆိပ် ပေးအပ်ချီးမြှင့်သည်။ ကျန်ပြိုင်ပွဲဝင်မယ် ၂၁ ဦးသည် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ ရရှိကြမည်ဖြစ်သည်။

၂၀၀၄ ခုနှစ် မြန်မာ့အာဆီယံအလှမယ် အိရှုပါဝင်းသည် ပြည့်ဝေသျှန်ရတနာရွှေဆိုင်မှ ချီးမြှင့်သည့် ငွေကျပ် ၁၅ သိန်းတန် စိန်သရဖူကို တစ်နှစ်တာ ထိန်းသိမ်းခွင့်ရရှိသွားသည်။ မြန်မာနိုင်ငံ၌ ယခုကဲ့သို့ မြန်မာ့အလှမယ် ရွေးချယ်ပွဲကို နှစ်ပေါင်း ၄၀ အတွင်း ပထမဆုံးအကြိမ် ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်ရာ အိရှုပါဝင်းသည် နှစ် ၄၀ အတွင်း ပထမဆုံး မြန်မာ့အလှမယ်ဘွဲ့ကို ဆွတ်ခူးရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**မေပွင့်လှိုင်**

မေပွင့်လှိုင်သည် အသက် ၂၄ နှစ်ဖြစ်ပြီး အရပ်အမြင့်မှာ ၅ ပေ၊ ၅ လက်မခွဲဖြစ်သည်။ အင်္ဂလိပ်စာ အထူးပြုဖြင့် ဝိဇ္ဇာဘွဲ့ရရှိထားပြီး ယခုအခါ Air Myanmar၌ Cabin Crewအဖြစ် ခန့်အပ်ခြင်းခံထားရသည်။ စာဖတ်ခြင်းနှင့် အလေးမခြင်းတို့ကို ဝါသနာပါကြောင်း သိရသည်။ တောင်ဥက္ကလာပမြို့နယ်၌ အဖ ဦးစိန်လွင်၊ အမိ ဒေါ်ခင်သန်းတို့နှင့်အတူ နေထိုင်လျက်ရှိသည်။

မေပွင့်လှိုင်အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းရာ “ယခုလို ဆုရရှိ၍ ဝမ်းသာကြောင်း၊ ပထမဆုကို မျှော်လင့်ပြီး ပြိုင်ခဲ့ခြင်းဖြစ်သော်လည်း ကျေနပ်ပါကြောင်း၊ မိမိ အကောင်းဆုံး အနေအထားဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း၊ ယခုပြိုင်ပွဲအတွက် အများကြီးပြင်ဆင်လေ့ကျင့်ခဲ့ရကြောင်း၊ ယခုပြိုင်ပွဲအမျိုးအစားမှာ မိမိနှင့် အသားမကျ၍ ခက်ခက်ခဲခဲ ပြိုင်ရကြောင်း၊ ကာယအလှမယ်ပြိုင်ပွဲများနှင့် မတူကြောင်း၊ ယခုပြိုင်ပွဲအတွက် သီးခြားလေ့ကျင့်ခဲ့ရကြောင်း၊ နောင်နှစ်ပြိုင်ပွဲများ၌လည်း ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း”ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၏ဇနီး ဒေါ်ခင်နှင်းဝေက ဒုတိယဆုရရှိသွားသော မေနန်းဦး အား ဆုချီးမြှင့်စဉ်။
*ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)*



**မေနန်းဦး**

မေနန်းဦးသည် အသက် ၁၉ နှစ်သာရှိသေးပြီး ယခုပြိုင်ပွဲ၏ အသက်အငယ်ဆုံး ပြိုင်ပွဲဝင်တစ်ဦးဖြစ်သည်။ အရပ်အမြင့်မှာ ၅ ပေ ၆ လက်မခွဲဖြစ်သည်။ ရူပဗေဒ အထူးပြု နောက်ဆုံးနှစ် ကျောင်းသူဖြစ်ပြီး G.C.E (O’ Level) အောင်မြင်ထားသည်။ သီချင်းဆိုခြင်းနှင့် ပန်းချီဆွဲခြင်းတို့ကို ဝါသနာပါကြောင်း သိရသည်။

မေနန်းဦးအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းရာ “ဒုတိယဆုရရှိ၍ ဝမ်းသာပါကြောင်း၊ ဆုရမည်ဟု မမျှော်လင့်ခဲ့ကြောင်း၊ ယခင်က ယခုလိုပြိုင်ပွဲမျိုး မပြိုင်ခဲ့ဖူးကြောင်း၊ တတိယဆုကြေညာပြီးချိန်တွင် မိမိ အထူးပင် ရင်ခုန်ခဲ့ရကြောင်း၊ ပထမဆုကို မျှော်လင့်မိသော်လည်း ဝမ်းသာကျေနပ်ပါကြောင်း၊ သုံးလခန့် အပြင်းအထန် လေ့ကျင့်ခဲ့ရကြောင်း၊ နောင်နှစ်ပြိုင်ပွဲများ၌လည်း ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း”မြန်မာ့အလင်းသို့ ပြောကြားသည်။

**အိရှုပါဝင်း**

အိရှုပါဝင်းသည် အသက် ၂၀ဖြစ်ပြီး အရပ်အမြင့်မှာ ၅ပေ ၇လက်မခွဲဖြစ်သည်။ အင်္ဂလိပ်စာအထူးပြု အဝေးသင်တက္ကသိုလ် ပထမနှစ်ကျောင်းသူတစ်ဦးဖြစ်သည်။ အလုပ်အကိုင်မှာ Public Relation Officer (I.C.E Youth) ဖြစ်သည်။ လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ သီချင်းဆိုခြင်းကို ဝါသနာပါကြောင်းသိရသည်။ အဖ ဦးမြင့်မောင်၊ အမိ ဒေါ်ခင်ကြည်တို့နှင့်အတူ ဗိုလ်တထောင်မြို့နယ်၌ နေထိုင်လျက်ရှိသည်။

မြန်မာ့အာဆီယံမယ် အိရှုပါဝင်းအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းရာ“ယခုလို မမျှော်လင့်ဘဲ ပထမဆုရရှိ၍ အလွန်ဝမ်းသာမိကြောင်း၊ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၌ စန္ဒရားအတီးပြိုင်ပွဲ၌ ဆုရရှိခဲ့ဖူးကြောင်း၊ ယခုကဲ့သို့ ပြိုင်ပွဲ မျိုး၌ အတွေ့အကြုံမရှိကြောင်း၊ ရရှိသည့်ဆုကြေးငွေကို ပညာရေးအတွက်၊ မိဘနှစ်ဦးနှင့်အဘွားအတွက် သုံးစွဲမည်ဖြစ်ကြောင်း၊ သုံးလနီးပါး အချိန်ယူပြင်ဆင်ခဲ့ကြောင်း” ဝမ်းသာမျက်ရည်များဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

**အာဆီယံမယ်**

အာဆီယံအလှမယ်ပြိုင်ပွဲကို အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်း ရင်းနှီးချစ်ခင်မှုရရှိရေး၊ အာဆီယံနိုင်ငံများ၏ယဉ်ကျေးမှုဓလေ့စရိုက်များကို ကမ္ဘာကသိရှိရေးနှင့် အာဆီယံဒေသအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေးတို့အတွက် ကျင်းပခြင်းဖြစ်သည်။

၂၀၀၅ ခုနှစ် အာဆီယံအလှမယ်ပြိုင်ပွဲသည် ပထမဆုံးအကြိမ်ကျင်းပသော ပြိုင်ပွဲဖြစ်ပြီး အာဆီယံနိုင်ငံများမှ အလှမယ်တစ်ဦးစီ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ၂၀၀၄ ခုနှစ် မြန်မာ့အာဆီယံအလှမယ် အိရှုပါဝင်းနှင့်အတူ ဒုတိယရရှိသော မေနန်းဦးက အရန်လူအဖြစ် လိုက်ပါခွင့်ရရှိမည်ဖြစ်သည်။ ၂၀၀၅ ခုနှစ် အာဆီယံအလှမယ်ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဖေဖော်ဝါရီလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



## ညောင်တုန်းမြို့နယ်၌ ကထိန်သင်္ကန်း ကပ်လှူပူဇော်

**ညောင်တုန်း ဒီဇင်ဘာ ၁၅**

ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ ပူးပေါင်း၍ ကထိန်သင်္ကန်း ကပ်လှူပွဲများကို ညောင်တုန်းမြို့ ရေနံချောင်း ဘုန်းတော်ကြီးကျောင်း၊ ပုပ္ပားကျောင်း၊ တာဝတိံသာကျောင်း၊ နတ်ပေးကျေးရွာအုပ်စု ဂျုံးဂျုံးကျွရွာ ဘုန်းတော်ကြီးကျောင်း၊ မဲဇလီကျေးရွာအုပ်စု ညောင်ဇောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့၌ နိုဝင်ဘာ ၂၃၊ ၂၄ရက်နှင့် ၂၆ ရက်များက ကျင်းပကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဆရာတော်ကြီးများထံမှ ကထိန်တရားတော်များနာကြားကြပြီး ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြသန်းနှင့် မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများနှင့်အလှူရှင်များက ကထိန်သင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(၀၉၈)**

## တန့်ဆည်မြို့နယ်၌ မော်တော်ယာဉ်လိုင်းဖွင့်

**တန့်ဆည် ဒီဇင်ဘာ ၁၀**

ပြည်သူများ ခရီးသွားလာမှုလွယ်ကူ ချောမွေ့စေရေးအတွက် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးပြီး တန့်ဆည်-မော်ကယ် ခရီးစဉ်နှင့် တန့်ဆည်-ပုတီး ခရီးစဉ်များအတွက် မော်တော်ယာဉ်လိုင်းများ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ရက် နံနက် ၇ နာရီက ရွှေတန့်ဆည် မော်တော်ယာဉ် အသင်းဂိတ်၌ ကျင်းပသည်။

**အချိန်မှန်ပြေးဆွဲမည်**

တန့်ဆည်-မော်ကယ် ခရီးစဉ်အတွက် တစ်ရက်လျှင် အသွားအပြန် မော်တော်ယာဉ်သုံးစီးနှင့် တန့်ဆည်-ပုတီး ခရီးစဉ်အတွက် တစ်ရက်လျှင် အသွားအပြန် မော်တော်ယာဉ်နှစ်စီး အချိန်မှန်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဓနုဖြူအထက မြတ်ဆရာပူဇော်

**ဓနုဖြူ ဒီဇင်ဘာ ၁၂**

ဓနုဖြူမြို့ အထက၏ သတ္တမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၆ ရက် (အမျိုးသားနေ့)က ဓနုဖြူအထက တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာကြီး၊ ဆရာမကြီးများက ဩဝါဒစကားပြောကြားကြပြီး ကျောင်းသား၊ကျောင်းသူဟောင်းများက ဂါရဝစကားများ ပြန်လည်ပြောကြားကြသည်။

ထို့နောက် ဆရာကြီး၊ ဆရာမကြီး ၇၆ ဦးအား လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(၀၈၅)**





## တနင်္သာရီတိုင်း ဆီအုန်းသုတေသနဌာနက ကြီးမှူး ဆီအုန်းစိုက်ပျိုးထိန်းသိမ်းခြင်း သင်တန်းဆင်း

**မြိတ် ဒီဇင်ဘာ ၁၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တနင်္သာရီတိုင်း ဆီအုန်းသုတေသနဌာနက ကြီးမှူးဖွင့်လှစ်သည့် ဆီအုန်းစိုက်ပျိုးထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၁ရက်က မြိတ်မြို့၊ ရွှေဒူး ဆီအုန်းအသုံးချသုတေသနဌာန၌ ကျင်းပသည့်အခမ်းအနားတွင် တနင်္သာရီတိုင်းဆီအုန်း စိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးဝဏ္ဏက သင်တန်းဆင်း အမှာစကားပြောကြားပြီး ဆီအုန်းအသုံးချသုတေသနဌာနမှူး ဦးပြည်စိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၁၅ရက်မှ ၂၁ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၆ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ



## ဖျာပုံမြို့၌ အမျိုးသားနေ့ အခမ်းအနားကျင်းပ

**ဖျာပုံ ဒီဇင်ဘာ ၁၂**

၂၀၀၄ခုနှစ် (၈၄)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ဒီဇင်ဘာ ၆ရက် နံနက် ၈နာရီက ဖျာပုံမြို့ အထက(၁)အောင်မြေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ရီက ဖတ်ကြားသည်။ **(အောက်ပုံ)**

ထို့နောက် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲဆုရကျောင်းသားကျောင်းသူများအားမြို့နယ်ဥက္ကဋ္ဌနှင့် ခရိုင်ပညာရေးမှူး ဦးသိန်းစံအောင်တို့က ဆုများပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့



## မော်လမြိုင်ကျွန်းတွင် အမျိုးသားနေ့ အခမ်းအနားကျင်းပ စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၆**

၂၀၀၄ခုနှစ် (၈၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ဒီဇင်ဘာ ၆ရက် နံနက်၈နာရီက မော်လမြိုင်ကျွန်းမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**သဝဏ်လွှာဖတ်ကြား**

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၄)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်က ဖတ်ကြားသည်။




**ဆုချီးမြှင့်**

ဆက်လက်၍ (၈၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲ အထက်တန်းနှင့် အလယ်တန်းအဆင့်တို့တွင် ဆုရရှိကြသော ကျောင်းသား၊ကျောင်းသူခြောက်ဦးတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** **(၀၉၇)**

## ပုသိမ်မြို့ မြေနုလမ်း ကတ္တရာလမ်းခင်း

**ပုသိမ် ဒီဇင်ဘာ ၁၅**

ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်တွင် မြို့သာယာလှပစေရေးအတွက် မြို့ပြလမ်း ၃၀အား ကတ္တရာခင်းရန် လျာထားခဲ့ပြီး လမ်း ၂၈လမ်း ဆောင်ရွက်လျက်ရှိသည့်အနက် မြေနုလမ်း အရှည် ၁၀၀၆ ပေ × အကျယ် ၁၆ပေ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သောင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်းသိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် စည်ပင်)**

## မြန်မာ့အသံ

**၂၄-၁၂-၂၀၀၄(သောကြာနေ့)**

**နံနက်ပိုင်း**

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (တက်ချောင်း-ကြက်မွေးမြူရေးလုပ်ငန်း)
- ၁၁:၃၅ သုတရေးရာဖြေကြားလွှာ
- ၁၂:၀၀ ကျန်းမာရေးနှင့် ဆေးပညာ (အမျိုးသားများနှင့် အေအိုင်ဒီအက်စ်အန္တရာယ်)
- ၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (မေပုန်းအိပ်ဖို့ တစ်နေရာ)
- ၁၃:၁၀ ကမ္ဘာ့ဂီတ

**ညနေပိုင်း**

- ၁၆:၂၀ ကျေးလက်ဇာတ်လမ်း (အားလုံးအတွက်)
- ၁၆:၃၀ ပဉ္စမအကြိမ်တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲမှ ပြခန်းများအကြောင်း
- ၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
  (၁)လွတ်လပ်ရေးကိုချစ်မြတ်နိုးပါ (ခေါင်းကြီး)
  (၂)လွတ်လပ်ရေးရဲ့အနှစ်သာရ (ဆောင်းပါးသရုပ်ဖော်)
- ၁၇:၅၀ နိုင်ငံတကာ စီးပွားရေးသတင်းပဒေသာ
- ၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (သိပ္ပံစက်မှုနှင့် နည်းပညာ တိုးတက်မှုမှတ်တိုင်များ- ဒုတိယပိုင်း-မောင်ဆုရှင်)
- ၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ (တေးပဏ္ဏာ-ကာလပေါ်အဖွဲ့)





ဒီဇင်ဘာ ၂၀ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးတိုင်း ညောင်ဦးမြို့၌တည်ဆောက်နေသော ပုဂံရွှေနန်းတော်၏ တောင်စမုတ်ဆောင် တည်ဆောက်ရေးလုပ်ငန်းနှင့် ပဥ္စပါသာဒရွှေနန်းတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

# သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများဖွံ့ဖြိုးလာရေး စက်မှုဇုန်များတည်ထောင်ပေးခဲ့
# နိုင်ငံတော်က စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး အမြဲအားပေးပံ့ပိုးသွားမည်
# နိုင်ငံတော်အကျိုး၊ အများပြည်သူအကျိုး ထိခိုက်နစ်နာမှုမရှိရေး သတိပြုဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဒီဇင်ဘာ ၂၀ ရက် ညနေ ၃ နာရီတွင် မန္တလေးတိုင်း ပုဂံ-ညောင်ဦးမှ မကွေးတိုင်း ရေနံချောင်းမြို့သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

***စာမျက်နှာ ၃ ကော်လံ ၁*** ✱

## ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရေနံချောင်း စက်မှုဇုန်က ထုတ်လုပ်သည့် မော်တော်ဆိုင်ကယ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လယ်ယာသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

